
# နန္ဒကျော်သူ

## နောင်ကြီးမဲ့မေတ္တာ



ပ+ဒု
အတွဲသိမ်း

ဝမ်အင်း၏ ကွေ့ရှမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၈၁၃ / ၂၀၁၀ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၈၆၂ / ၂၀၁၀ (၁၂) |
| ထုတ်ဝေကာလ | ၂၀၁၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေနိုင် |
| | နိုးတေးသံစာပေ |
| | ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့(၃)၊ |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး-ပုံနှိပ်တိုက်၊ |
| | ၁၂/ဒါနလမ်း၊ သာယာကုန်း၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၅၆/စ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


# ဝိန္ဒကျော်သူ

## နှောင်ကြိုးမဲ့ မေတ္တာ

(ပ + ၃ - ဓာတ်သိမ်း)

နှစ်အုပ်တွဲ သိုင်းစာစဉ်

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



---

ထင်းစန်းတောင်။

ထင်းစန်းတောင်သည် မိုးထိမြင့်မားသော တောင်ကြီး တစ်လုံးဖြစ်လေသည်။

တောင်ခြေမှသည် တောင်ထိပ်အထိ စိမ်းလန်းသော သစ်ပင် ဝါးပင်များ၊ ပန်းပင်များဖုံးလွှမ်းထားလေသည်။

ထိုသစ်ပင်များသည် အပင်အမျိုးပေါင်း စုံလင်လှသည်။

ထိုပန်းပင်များသည် ပန်းအမျိုးပေါင်း စုံလင်လှသည်။

လျှိုမြောင်၊ ဂနိုင်၊ စိမ့်စမ်းများကလည်း နေရာယူထားပြန်သေး၏။

ဆေးဘက်ဝင်သော ပရဆေးပင်များလည်းရှိသည်။

မျှားပိတုန်း လိပ်ပြာများ၊ ယုန်ကလေးများ၊ သမင်ကလေးများ စသော တောတိရစ္ဆာန်ကလေးများလည်း ရှိသည်။

ထင်းစန်းတောင်သည် သဘာဝ အလှအပများဖြင့် လိုလေသေးမရှိ ပြီးပြည့်စုံနေသော တောင်တစ်လုံးဖြစ်ပေတော့သည်။

* * *

လူသူ အရောက်အပေါက် နည်းပါးလှသော ထင်းစန်းတောင်၏ တစ်နေရာတွင် ဝါးများဖြင့် ဆောက်လုပ်ထားသောအိမ်ကလေးတစ်လုံး ရှိလေသည်။

ထိုအိမ်ကလေးတွင် ရသေ့တစ်ပါး သီတင်းသုံးလျက်သည်။

တောထဲ တောင်ထဲ၌ သူတော်စင်များ ပျော်မွေ့အတရားရှာလေ့ရှိရာ ထင်းစန်းတောင်တွင် ရသေ့တစ်ပါးနေသည်မှာ ထူးခြားသည်ဟု မဆိုသာပါချေ။



သို့သော်....

ထိုရသေ့သည် အသက်အရွယ်ကြီးရင့်ခြင်းမရှိဘဲ လူငယ်လေးတစ်ယောက်ဖြစ်နေခြင်းက ထူးဆန်းနေပါသည်။

မည်သူမဆို လူငယ်ဘဝတွင် ပျော်ပျော်နေလေ့ ရှိပေသည်။

ပူပင်သောကများကို တွေးတော စဉ်းစားခြင်း မပြုဘဲ စိတ်အလိုလိုက်ကာ ပျော်သလိုနေဖို့သာ စဉ်းစားတတ်လေ့ရှိပေသည်။

ယခုတော့....

ထင်းစန်းတောင်မှ ရသေ့လေးသည် အသက် နှစ်ဆယ်ကျော်မျှသာရှိနေသေးသဖြင့် အံ့ဩစရာကောင်းအောင် ထူးခြားနေခြင်းဖြစ်ပါတော့သည်။

လူငယ်တစ်ယောက်က ရသေ့ဝတ်ဖြင့် တောထဲတောင်ထဲ၌ အထီးကျန်လာရောက်နေထိုင်ရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

ထိုရသေ့ငယ်တွင် ထူးခြားသော အဖြစ်အပျက်များရှိနေရမည်မှာ သင်ရှားနေပေတော့သည်။

* * *

ရသေ့လေး။

ရသေ့လေးသည် ဝါးအိမ်ကလေးရှေ့၌ရပ်ကာ အရှေ့ဘက်ဆီသို့ မျှော်ကြည့်နေ၏။

ရသေ့လေးမှာ ငယ်ရွယ်နုပျိုပြီး ယောကျ်ား ပီသစွာ ချောမောခန့်ညားသော ရုပ်သွင်ရှိလေသည်။

ဖန်ရည်ဆိုးထားသော ချည်ကြမ်းဝတ်စုံကို လွှမ်းခြုံထား၍သာလျှင် ရသေ့လေးဟု ဆိုနိုင်ပြီး ဝတ်ကောင်းစားလှဝတ်ဆင်ထားပါက မင်းညီမင်းသားလေး တစ်ပါးဟု ထင်မှတ်ကြရမည် ဖြစ်လေသည်။

အရှေ့ဘက်ဆီတွင် နေဝန်း ထွက်ပေါ်လာပါသည်။

နေဝန်းနီမှာ ကောင်းကင်ပေါ် တစ်စထက်တစ်စ မြင့်တက်၍လာသည်။

နံနက်ခင်း နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

အေးမြသောနံနက်ခင်းလေပြည် တိုက်ခတ်လာသောအခါ မွှေးကြိုင် သင်းပျံ့သော ပန်းရနံ့များ မျှောပါလာလေသည်။



ကျေးငှက်ကလေးများ၏ သာသာယာယ တေးသီကြွေးသံများကိုလည်း အတိုင်းသား ကြားနေရ၏။

ရသေ့လေးသည် ထွက်ပေါ်လာသောနေဝန်းကို အတန်ကြာအောင် ငေးမောကြည့်ပြီးမှ...

'တစ်နေ့ ကူးပြန်ပါပေါ့လား'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

နံနက်ခင်းသည် သာယာလှပနေသော်လည်း ရသေ့လေး၏စိတ်ထဲ၌ ရွှင်လန်းမှုကင်းမဲ့နေပုံရှိလေသည်။

သူ၏မျက်လုံးများ ရီဝေနေပြီး မျက်နှာ ညှိုးလျော်နေသည်။

ရသေ့လေးသည် နေဝန်းကြီးဆီမှတစ်ဆင့် မလှမ်းမကမ်း ရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ အကြည့် ကူးပြောင်းလိုက်လေသည်။

လူသုံးဖက်စာမျှကြီးမားလှသော သက်တမ်းရင့် သစ်ပင်ကြီးတစ်ပင်ဖြစ်ပါသည်။

အကိုင်းအခက် အရွက်များ ဝေဝေဆာဆာ အုံ့အုံ့ဆိုင်းဆိုင်းရှိပြီး သစ်ပင် အောက်ခြေ မြေကွက်လပ်လေးမှာ ရှင်းရှင်းလင်းလင်း ဖြစ်နေ၏။

ရသေ့လေးက ထိုသစ်ပင်ကြီးဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားလိုက်လေသည်။

သစ်ပင်ကြီးအောက် ရောက်လျှင် မြေပေါ် ထိုင်ချလိုက်သည်။ တင်ပျဉ်ခွေအနေအထား၊ လက်ဝါးနှစ်ဖက်ကို ပေါင်ပေါ်တင်၍ မျက်စိမှိတ်ကာ တရား မှတ်နေလိုက်လေသည်။

နေ့စဉ်နံနက်တိုင်းပြုကျင့်နေကျဝတ္တရားအတိုင်း တရားထိုင်နေခြင်း ဖြစ်ပုံရလေသည်။

သို့သော်....

တစ်ခဏအတွင်းမှာပင် ရသေ့လေး မျက်လုံး ပြန်ပွင့်လာလေသည်။

မျက်လုံးများက ပတ်ဝန်းကျင်ကို ကျီးကန်း တောင်းမှောက်ကြည့်လိုက်လေသည်။

တရားမှတ်၍မရဘဲ စိတ်လှုပ်ရှားကာ ဂနာမငြိမ် ဖြစ်နေသည့်အသွင်မျိုးရှိ၏။

ရသေ့လေးက မျက်လုံးအစုံကို ပြန်မှိတ်ထားလိုက်သည်။

ခါးကိုဆန့်ကာ အသက်ကို ခပ်ကြမ်းကြမ်းရှူသွင်းလိုက်၊ မှုတ်ထုတ်လိုက် ပြုလုပ်နေလိုက်သည်။



တရားမှတ်ရန် ထပ်မံကြိုးစားလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

မည်သို့ဆိုစေ....

သိပ်မကြာလိုက်ဘဲ မျက်လုံးပြန်ပွင့်လာပြန်ပါတော့သည်။

ယခုတစ်ကြိမ်။

ရသေ့လေး၏ မျက်နှာတွင် စိတ်ပျက်အားလျော့သည့် အသွင်များ ဖြစ်ပေါ်လာပြီး ထိုင်ရာမှထရပ်လိုက်လေသည်။

'တရားမှတ်လို့ မရတဲ့အတူတူ သစ်သီးဝလံသွားရှာတာပဲ ကောင်းပါလိမ့်မယ်'

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက် သစ်ပင်ကြီးအောက်မှထွက်လာကာ တောအုပ်ထဲသို့ လှမ်းဝင်သွားလေတော့သည်။

* * *

ရသေ့လေးတောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး မနေ့ရှေးမနေ့ခေါင်းမှာပင် မလှမ်းမကမ်းရှိ ချုံပုတ်တစ်ခုမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေတော့သည်။

လူရိပ်တစ်ခုသည် ချုံပုတ်ကြားမှ ခုန်ထွက်လာလေသည်။

ထိုလူသည်ကား ခရမ်းရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

ထိုမိန်းကလေးသည် အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးပြီး ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သူမသည်လည်း လူသူကင်းဝေးလှသည့် ထင်းစန်းတောင်နှင့် အပ်စပ်သူမဟုတ်ပါချေ။

မျက်စိလည်လမ်းမှားကာ တောထဲရောက်လာသည့် ရွှေမင်းသမီးလေးတစ်ပါးနှင့် တူနေပါတော့သည်။

မိန်းကလေးသည် ရသေ့လေးထွက်သွားရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

ရသေ့လေး၏အရိပ်အယောင်ကိုပင် မမြင်ရတော့မှ ခြေဖော့နင်းကာ ဝါးအိမ်ကလေးဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။



သူမသည် ဝါးအိမ်ကလေးရှေ့သို့ရောက်သောအခါတွင် အတက်သို့ဝင်ရန် မဝံ့မရဲဖြစ်နေပုံရပြီး အိမ်အပေါက်ဝ၌ ရပ်နေလိုက်သည်။

အတော်ကလေးကြာတော့မှ ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်ပုံမျိုးဖြင့် အိမ်ကလေးအတွင်းသို့ ခြေလှမ်းဝင်လိုက်လေသည်။

ဝါးအိမ်ကလေးမှာ သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်မှု ရှိနေပါသည်။

အိမ်ထဲ၌ အသုံးအဆောင်ပစ္စည်းများသည် လူနေရာနှင့်သူ သေသပ်စွာ ရှိနေသည်။

ပစ္စည်းမည်မည်ရရတော့ မရှိပါ။

မည်သို့ဆိုစေ။

တစ်ယောက်တည်း အထီးကျန်ဆန်စွာ နေထိုင်နေခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

မိန်းကလေး မျက်မှောင်ကြုတ်လိုက်သည်။

'တောထဲတောင်ထဲမှာ တစ်ယောက်တည်းနေရတာ မပျင်းဘူးလား၊ မသိဘူး'

ဟု ရေရွတ်လိုက်လေသည်။

သူမသည် တစ်အိမ်လုံးလှည့်ပတ်ကြည့်ပြီး ပြန်ထွက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်....

သူမ၏ခြေလှမ်းများ ရပ်တန့်သွားပြီး အိမ်ကလေး၏ညာဘက်ထောင့်ရှိ ဝါးလုံးများကာရံကာ အခန်းဖွဲ့ထားသော အိပ်ခန်းဆီသို့ လှမ်းကြည့်လိုက်လေသည်။

ရသေ့ကလေး၏ အိပ်ခန်းဖြစ်ပါသည်။

သူမသည် တစ်အိမ်လုံးလုံး နှံ့နှံ့စပ်စပ်ကြည့်ခဲ့သော်လည်း အိပ်ခန်းကိုမူ ကြည့်ရန်မဝံ့မရဲဖြစ်နေပါသည်။

တစ်ခဏတာ တွေဝေနေပြီးမှ....

'အိမ်ထဲရောက်လာပြီးမှ ဘာထူးတော့မှာလဲ'

ဟု ရေရွတ်လိုက်သည်။

သူမသည် အိပ်ခန်းဆီသို့ လှမ်းသွားလိုက်လေသည်။

အိပ်ခန်းအပေါက်ဝမှ ကာရံထားသော ခန်းဆီးကို ဖယ်ရှားကာ အတွင်းဘက်သို့ခေါင်းပြူကြည့်လိုက်လေသည်။



ရုတ်တရက်....

မိန်းကလေး၏ မျက်လုံးများသည် ပိုစွန့်တစ်ကော်ပမှာ ပြူးထွက်လာပြီး....

'ဟောတော့'

ဟု လွှတ်ခနဲရေရွတ်လိုက်လေသည်။

သူမ၏တစ်ကိုယ်လုံးအခန်းတွင်းသို့ လှမ်းဝင်ပြီးသားလည်း ဖြစ်သွားလေတော့သည်။

အိပ်ခန်းသည်ကား အပြင်ဘက်နှင့်မတူဘဲ လုံးဝကွဲပြားခြားနားနေလေသည်။

အိပ်ခန်းအတွင်း၌ကား အပြင်ဘက်နှင့်ဆန့်ကျင်ဘက် မြင်မကောင်းအောင် ရှုပ်ပွနေပါတော့သည်။

လုလင်ပျိုတို့ဝတ်ဆလေ့ရှိသည့် အဝတ်အစားများသည် ပြန့်ကြဲနေသလို ဝါးခြမ်းများဖြင့်လည်း ရှုပ်ပွနေသည်။

ထိုဝါးခြမ်းများပေါ်တွင် စာများရေးခြစ်ထားသည်ကိုလည်း တွေ့ရလေသည်။

မိန်းကလေး မျက်မှောင်ကြုတ်သွားလေသည်။

'ဘာတွေရေးထားတာပါလိမ့်'

ဝါးခြမ်းပြားတစ်ခုကို ကောက်ယူကာကြည့်လိုက်၏။

ထိုအခါ....

အလွန်ညီညာဝိုင်းစက်သော လက်ရေးများဖြင့်ကဗျာလက်ာများ ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

တရားရှာနေသော ရသေ့လေးတစ်ပါးနှင့် လုံးဝအပ်စပ်ခြင်းမရှိသော ပစ္စည်းများဖြစ်လေသည်။

ရေးခြစ်ထားသော ကဗျာလင်္ကာများသည် အိမ်ကိုလွမ်းသည့်အကြောင်း၊ မိဘဆွေမျိုးသားချင်းများအား လွမ်းဆွတ်သည့်အကြောင်းနှင့် အထီးကျန်ဝေဒနာမှာ ဆိုးရွားလှကြောင်း တင်စားရေးဖွဲ့ထားသည့် ကဗျာလင်္ကာများချည်းဖြစ်နေပါတော့သည်။

မိန်းကလေး ပခုံးတွန့်လိုက်လေသည်။

'တောထဲလာ တရားရှာပြီး အိမ်ကိုလွမ်းတဲ့အကြောင်း ကဗျာလင်္ကာတွေရေးစပ်နေတာ အတော်ကိုရယ်စရာကောင်းတာပဲ'

ဟု ရေရွတ်လိုက်လေသည်။



တစ်ခန်းလုံး ရစရာမရှိအောင် ရှုပ်ပွနေသည်ကိုကြည့်ရင်း စိတ်ထဲမနှစ်မြို့အောင်ဖြစ်လာလေသည်။

ထို့ကြောင့်....

ပြန့်ကြဲနေသော ဝါးခြမ်းပြားများကို ကောက်ယူစုရုံးလိုက်လေတော့သည်။

*    *

ရသေ့လေး။

ရသေ့လေးသည် ထင်းစန်းတောင် စမ်းချောင်းလေးအနီးရှိ သစ်ပင်ငယ်ကလေးများမှ အသီးကလေးများကို ခူးယူလိုက်လေသည်။

သစ်သီးအချို့ခူးယူပြီးလျှင် စမ်းချောင်းလေးအနီး၌ စုပုံထားလိုက်သည်။

တစ်ဖန်....

သစ်ကိုင်းတစ်ကိုင်းကို ခြောက်ခနဲမြည်အောင်ချိုးယူကာ စမ်းချောင်းထဲသို့ ဒူးဆစ်မြုပ်သည်အထိ ဆင်းသွားလေသည်။

စမ်းချောင်းထဲ၌ သစ်ကိုင်းကိုမြှောက်ကိုင်ရင်း မလှုပ်မယှက်ရပ်နေလိုက်လေသည်။

ကြာပါချေ။

ငါးသုံးလေးကောင် ကူးခတ်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရသေ့လေးသည် သစ်ကိုင်းဖြင့် ဆတ်ခနဲထိုးသွင်းလိုက်လျှင် ငါးတစ်ကောင်မှာ ဖျပ်ဖျပ်လူးလွန့်ကာ ပါလာလေတော့သည်။

‘ဟေး’

ရသေ့လေးက ဝမ်းသာအားရ တစ်ချက်အော်လိုက်သည်။

ချက်ချင်းပင် ကမ်းပေါ်သို့ပြန်တက်လိုက်သည်။

ငါးနှင့်သစ်သီးများကိုယူကာ နောက်ကြောင်း လှည့်ပြန်လာခဲ့လေသည်။



သစ်ပင်ချုံနွယ်များကြားမှဖြတ်သွားပြီး အတော်ကလေးကြာလျှင် ဝါးအိမ်ကလေးတည်ရှိသည့် မြေကွက်လပ်သို့ ပြန်လည်ရောက်ရှိသွားလေသည်။

ရသေ့လေးသည် သစ်ကိုင်းခြောက်များ ကောက်ယူစုဆောင်းကာ မီးပုံတစ်ခုပြုလုပ်လိုက်သည်။

ဖမ်းမိလာသောအခါ ငါးကိုရွှံ့များဖြင့်မံကာ မီးဖုတ်လိုက်လေသည်။

ကြာပါချေ။

မွှေးကြိုင်သင်းပျံ့သော ငါးကင်နံ့ ထွက်ပေါ်လာလေသည်။

ငါးကင်ကျက်သွားလျှင် ရသေ့လေးသည် ငါးကင်နှင့်သစ်သီးများကို စားသောက်လိုက်လေသည်။

သူ၏အပြုအမူသည် ရသေ့လေးတစ်ယောက်နှင့်မတူဘဲ မုဆိုးတစ်ယောက်နှင့်ပင် တူနေပါတော့သည်။

ရသေ့လေးသည် စားသောက်ပြီး ခဏအနားယူလိုက်သည်။

တစ်ဖန်....

အိမ်နံရံ၌ထောင်ထားသော ဝါးခြမ်းပြားများအနက် တစ်ခုကိုဆွဲယူကာ အသင့်ထားရှိသော သံဆူးတခုလေးဖြင့် ကဗျာလင်္ကာများရေးသားလိုက်လေသည်။

ရသေ့လေးသည် ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားသည်။

ဝါးခြမ်းပြားများကို တစ်ခုပြီးတစ်ခုယူကာ ကဗျာလင်္ကာများ စိတ်ရှိသက်ရှိရေးသားနေလိုက်ရာ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး ညနေသည်းသွယ်ပင် ရောက်ရှိလာလေတော့သည်။

ထိုအခါမှ...

ရသေ့လေးသည် ကဗျာလင်္ကာရေးစပ်ခြင်းလုပ်ငန်းကို ရပ်တန့်လိုက်လေသည်။

မတ်တတ်ရပ်ကာ အပျင်းတစ်ချက်ဆန့်လိုက်လေသည်။

သူ၏တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသည်။

မျက်လုံးများလည်း ရီဝေနေသည်။

အားအင်ကုန်ခန်းလာ မောပန်းနွမ်းနယ်သူတစ်ယောက်ပမာရှိနေပါသည်။



ထိုမျှမကသေး။

အလွန်ဝမ်းနည်းကြေကွဲသည့် အသွင်လည်း ဆောင်နေသည်။

ရသေ့လေးသည် ရေးပြီးသားဝါးခြမ်းပြားများကို ဝါးအိမ်ကလေးရှေ့တွင် ဖြစ်သလိုပစ်ထားလိုက်သည်။

ထို့နောက် အိမ်ထဲလှမ်းဝင်လိုက်လေသည်။

သူ၏ခြေလှမ်းများသည် အိပ်ခန်းဆီသို့ဦးတည်နေပါ၏။

အိပ်ခန်းအတွင်းသို့ လှမ်းဝင်သွားပြီး အခန်းထောင့်ရှိ ဝါးကွပ်ပျစ်ပေါ်၌ ခြေပစ်လက်ပစ်လှဲချလိုက်လေသည်။

တစ်ဖန်...

မျက်လုံးမှိတ်ကာ မလှုပ်မယှက်ဖြစ်သွားလေသည်။

ရသေ့လေးအိပ်ပျော်သွားပြီလော။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက လွှမ်းခြုံထားလိုက်သည်။

ထင်းစန်းတောအုပ်၏ ညသည် တိတ်ဆိတ်ပြီး ငြိမ်သက်သွားလေသည်။

သို့သော်များမကြာမီ....

ဇီးကွက်အော်သံ၊ သမင်ဟောက်သံ၊ ချေဟောက်သံများ ထွက်ပေါ်လာသည်။

လေတိုက်၍ သစ်ရွက်လှုပ်သံများကလည်း ညဏ်ဂီတသံအလား နေ့နှင့်မတူသော ညဏ်အခြေအနေသည် အသက်ဝင်လှုပ်ရှားလာလေတော့သည်။

* * *



ဝါးအိမ်ကလေးအတွင်း၌ မှောင်မည်းနေလေသည်။

ခေါင်မိုးသက်ကယ်များကြားမှ ကြယ်ရောင်လရောင်များ ထိုးဖောက် ဝင်ရောက်လာတော့မှ မသဲမကွဲ အလင်းရောင်ဖြစ်ပေါ်လာလေသည်။

အိမ်ထဲမှ ပစ္စည်းပစ္စယများသည် သူ့နေရာနှင့်သူ နေသားတကျရှိနေသည်။

အိပ်ခန်းအတွင်း၌ ဝါးခုတင် ပေါ်၌ ရသေ့လေးက ခြေပစ်လက်ပစ် လဲလျောင်းနေလေသည်။

သို့သော်....

သူသည် အိပ်ပျော်ခြင်းမရှိဘဲ မျက်လုံးကြောင်တောင် ဖွင့်ထားလေသည်။

သူ၏မျက်လုံးများသည် ခေါင်မိုးမှ တိုးဝင်လာသည့် လရောင် အလင်းတန်းကို ငေးမောကြည့်နေ၏။

လရောင်ကိုမမြင်ဘဲ အခြားတစ်စုံတစ်ခုကို တွေ့မြင်နေရပုံမျိုးရှိနေသည်။

အေးမြမှုသည် တစ်စထက်တစ်စ အားကောင်းလာသည်။

ည သည် ပို၍ပို၍နက်ရှိုင်းလာသည်။

သန်းခေါင်ကျော် အရုဏ်တက်အချိန်မှ ရသေ့လေး မှေး ခနဲ အိပ်ပျော်သွားလေသည်။

သူ အိပ်ပျော်ရာမှနိုးလာပြီး မျက်လုံး ဖွင့်လိုက်လေသော အခါမိုးစင်စင် လင်းနေပြီဖြစ်သည်ကို တွေ့လိုက်ရလေသည်။

'တစ်နေ့ကူးပြန်ပြီပေါ့'

ဟု ရသေ့လေးက ရေရွတ်လိုက်လေသည်။

* * *

မိုးလင်းပြီဖြစ်သည်။

ရသေ့လေးသည် အိမ်အပြင်ဘက်၌ မနေ့က ကဗျာရေး ထားသော ဝါးခြမ်းပြားများကို ကောက်ယူ စုရုံးထားကာ အိပ်ခန်းအတွင်းသို့ ပစ်ထည့်ထားလိုက်လေသည်။

တစ်ဖန်....



အိမ်ရှေ့ သစ်ပင်ကြီးအောက်၌ သွားပြီး တရားထိုင်လေ သည်။

ထုံးစံအတိုင်း တစ်ခဏအတွင်းမှာပင် သစ်ပင်အောက်မှ ပြန်ထလာပြန်သည်။

ထို့နောက်...

စမ်းချောင်းလေးဆီသို့ ထသွားကာ သစ်သီးများခူးသည်။ ငါးများဖမ်းလေသည်။

ရလာသည့်သစ်သီးနှင့် ငါးများကို စားသောက်လိုက်ပြီး တစ်နေ့လုံးထိုင်ကာ ကဗျာရေးတော့သည်။

အချိန်ကုန်သွားပြီး မိုးချုပ်သွားလျှင် အိပ်ခန်းတွင်းသို့ ဝင်ကာ ဖြစ်သလို အိပ်စက်လိုက်လေသည်။

ညသန်းခေါင်ကျော် အရုဏ်တက်လုနီးမှ အိပ်ပျော်သွား သည်။

သူနိုးလာသောအခါ မိုးလင်းနေပြီ ဖြစ်သည်။

ရသေ့လေးက တစ်နေ့ကူးပြန်ပြီပေါ့ဟုရေရွတ်ကာ နေ့ စဉ် ပြုနေကျအတိုင်း ပြုလုပ်နေလေတော့သည်။

သို့ဖြစ်၍....

ရသေ့လေး၏ ဘဝသည် ပြောင်းလဲခြင်းမရှိ နိစ္စဓူဝ ပုံသေ လှုပ်ရှားနေခဲ့လေသည်။

*     *     *

ယခုနေ့ည။

ယခုနေ့ညတွင်မူ ရသေ့လေးသည် ထူးထူးခြားခြား စောစီးစွာပင် အိပ်ပျော်သွားလေသည်။

အိပ်ပျော်သွားပြီးမကြာမီ အိပ်မက်တစ်ခု မြင်မက်ခဲ့သေသည်။

အိပ်မက်ထဲ၌....

မီးတောက်လောင်နေသော အဆောက်အအုံများ။

အော်ဟစ်ပြေးလွှားနေသူများ၊

တိုက်ခိုက်သံများ၊ ငိုကြွေးသံများ။



ကြောက်ခမန်းလိလိ ဆိုးရွားပြင်းထန်သော တိုက်ပွဲကြီးတစ်ခုကို မြင်တွေ့ရလေသည်။

ထိုအိပ်မက်ဆိုးကြောင့် ရသေ့က လန့်နိုးလာလေသည်။

သူ၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွှဲနေသည်။

မီးလောင်ခံထားရသကဲ့သို့ ရင်ထဲပူလောင်နေသည်။

ထို့နောက်....

ရသေ့လေးသည် မိုးစင်စင်လင်းသည့်တိုင် အိပ်မပျော်နိုင်တော့ချေ။

*     *     *

နောက်တစ်နေ့နံနက်။

ရသေ့လေး၏ပြုလုပ်နေကျအလုပ်များ ပြောင်းလဲသွားလေသည်။

ရသေ့လေးသည် တရားမထိုင်တော့ပါ။

ကဗျာများလည်း မရေးတော့ပါ။

ငါးလည်းမဖမ်း။ သစ်သီးဝလံများလည်း ရှာယူခြင်းမပြုတော့ပါ။

တောထဲသို့ဝင်ပြီး သမင်တစ်ကောင်ဖမ်းယူလိုက်သည်။

ထိုသမင်ကိုဖျက်ကာ အချို့ကိုမီးဖုတ်သည်။ အချို့ကို အခြောက်လှန်းသည်။

စားသောက်ရေးအတွက် မပူပန်ရစေလေအောင် ခလေ့ကျင့်ပြီးလျှင် ဝှက်ထားသောဓားတစ်လက်ကို ထုတ်ယူကာ နေဝင်မိုးချုပ်သည်တိုင် သိုင်းလေ့ကျင့်နေတော့သည်။

* * *

တစ်ရက်။

နှစ်ရက်။

သုံးရက်။

ရသေ့လေးသည် သမင်သားကိုစားသည်။ သိုင်းလေ့ကျင့်သည်။



သို့သော်....

လေးငါးခြောက်ရက်ခန့်ကြာသောအခါ ဓားကို ပြန်လည် ထည့်ထားလိုက်ပြီး သိုင်းလေ့ကျင့်ခြင်းမပြုတော့ချေ။

နံနက်စောစောထသည်။

မကျင့်နိုင်သော တရားထိုင်ခြင်းအလုပ်ကို မည်းကာမတွေ ပြုလုပ်သည်။

ထို့နောက် ငါးဖမ်းသည်။ သစ်သီးဝလံရှာသည်။ ဝါးခြမ်းပြားများပေါ်၌ ကဗျာရေးသည်။

စောစောအိပ်ရာဝင်သည်။

ပုံမှန်အလုပ်များကို ပြန်လုပ်ခဲ့ပြီး အိပ်မက်ဆိုးများလည်း မမက်တော့ချေ။

* * *

## မင်းနဲ့ငါ

ယနေ့။

ရသေ့လေးသည် အိပ်ပျော်ရာမှ လန့်နိုးလာသောအခါ ချက်ချင်းမထသေးဘဲ ဆက်၍လဲလျောင်းနေလိုက်သည်။

စိတ်ထဲ၌ အလိုလိုလေးလံနေခြင်းကြောင့်ဖြစ်လေသည်။

ရသေ့လေးသည် လဲလျောင်းရင်း ကဗျာတစ်ပုဒ်ရွတ်ဆိုလိုက်၏။

ထူးထူးခြားခြား ကဗျာရေးလိုသောစိတ်များ ဖြစ်ပေါ်လာပြန်သည်။

ထို့ကြောင့်....

အိပ်ရာထက်မှထကာ ဟိုဟိုသည်သည်ကြည့်လိုက်လေသည်။

သူကဖြစ်သလိုပစ်ထားသော ဝါးခြမ်းပြားများသည် သူ့နေရာနှင့်သူ အစီအရီရှိနေသည်။

အခန်းတွင်း၌ ရှုပ်ပွမနေဘဲ သပ်သပ်ရပ်ရပ်ဖြစ်နေသည်။

ရသေ့လေး မျက်မှောင်ကြုတ်သွားလေသည်။

ချက်ချင်းပင် အခန်းအပြင်သို့ထွက်ကာ အိမ်ထဲဝေ့ကြည့်လိုက်လေသည်။

သူ၏မျက်နှာတွင် ထူးခြားသောအရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

အတန်ကြာအောင် မလှုပ်မယှက်ရပ်နေပြီးမှ အိပ်ခန်းထဲသို့ ပြန်ဝင်လိုက်လေသည်။

တစ်ဖန် အပြင်ဘက်သို့ပြန်ထွက်လိုက်သည်။

သူ၏ခြေထောက်တစ်ဖက်သည် အမှတ်တမဲ့ဆိုသလို အစီအရီထပ်ထားသော ဝါးခြမ်းများကို ခြေထောက်ဖြင့်တိုက်ချလိုက်လေသည်။

ဝါးခြမ်းပြားများသည် ဝေါခနဲ ကြမ်းပြင်ပေါ်ပြိုကျသွားကာ ဖရိုဖရဲဖြစ်သွားလေသည်။

ရသေ့လေးကား ဘာမှမသိဟန်ဖြင့် အိမ်အပြင်ဘက်ထွက်သွားသည်။

— ထိုနေ့က ....



ရသေ့လေးသည် တစ်နေ့လုံး စမ်းချောင်းလေးအနီး၌ပင် နေခဲ့လေသည်။

ညမိုးချုပ်၍ ရသေ့လေး ပြန်လည်ရောက်ရှိလာသောအခါ ကြမ်းပြင်ပေါ်၌ ပြန့်ကြဲနေသော ဝါးခြမ်းပြားများသည် နေသားတကျ အစီအရီဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ရသေ့လေးသည် မိုးလင်းသည်နှင့် အိမ်မှထွက်သွား၏။

သို့သော်...

စမ်းချောင်းလေးသို့ သွားခြင်းမဟုတ်ပါချေ။

အိမ်ကလေးနှင့်မလှမ်းမကမ်းသို့ရောက်လျှင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

သစ်ရွက်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိနေသော သစ်ကိုင်းများကြားသို့တိုးဝင်ကာ ပုန်းအောင်းနေလိုက်လေသည်။

သစ်ပင်ပေါ်မှကြည့်လျှင် အိမ်ကလေးကို အတိုင်းသား တွေ့မြင်နေရသည်မဟုတ်ပါလား။

ရသေ့လေးက ဒုက္ခခံကာ သစ်ပင်ပေါ်မှ စိတ်ရှည်လက်ရှည် စောင့်ကြည့်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

နေမွန်းတည့်ချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာ၏။

မည်သို့ဆိုစေ။

ရသေ့လေး အပင်ပန်းခံရကျိုးနပ်သွားလေသည်။

အိမ်ကလေးရှေ့သို့ မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

မိန်းကလေးသည် အိမ်ထဲသို့ဝင်သွားသည်ကို တွေ့ရသည်နှင့် ရသေ့လေးသည် သစ်ပင်ပေါ်မှ ချက်ချင်းခုန်ဆင်းကာ ပြေးလွှားသွားလိုက်လေတော့သည်။

* * *



ခါတိုင်းဆိုလျှင်....

ရသေ့လေးထွက်သွားသည်နှင့် အိမ်ကလေးမှာအပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေ့ရှိခဲ့ပေသည်။

ယနေ့တွင်မူ...

ရသေ့လေးသည် အိမ်ကလေးအနီးသို့ ရောက်သွားသည်နှင့် ဆူဆူညံညံအသံများ ကြားလိုက်ရလေသည်။

'တစ်အိမ်လုံးကို ရှုပ်ပွနေတာပဲ'

'တစ်ယောက်တည်းနေတာ ဘယ်လိုနေသလဲမသိဘူး'

'ရသေ့လား၊ မုဆိုးလား၊ ရသေ့အရေခြုံထားတဲ့မုဆိုးပဲ ဖြစ်မယ်'

'ကဗျာတွေကလဲ ရေးလို့မကုန်နိုင်တော့ဘူးလား'

မိန်းကလေးတစ်ယောက်က တဖျစ်တောက်တောက်ပြောဆိုနေခြင်း ဖြစ်ပေတော့သည်။

ရသေ့လေးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အိမ်ထဲသို့ လျှပ်တစ်ပြက်ခုန်ဝင်လိုက်လေသည်။

အိမ်ထဲသို့ရောက်လျှင်...

မိမိအား အမျိုးမျိုးဝေဖန်ပြောဆိုကာ သန့်ရှင်းရေးပြုလုပ်ပေးနေသည့် မိန်းမချောလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

* * *

ရသေ့လေးအိမ်ထဲသို့ လျှပ်တစ်ပြက် ရောက်ရှိသွားလေသည်။

'အမေ့'

သန့်ရှင်းရေးလုပ်နေသော မိန်းမချောလေးအထိတ်တလန့် အော်လိုက်လေသည်။

သူမသည် မျက်လုံးလေးအဝိုင်းသားနှင့် ရသေ့လေးကို ကြည့်ရင်း...

'ရှင်...ရှင်'



မည်သို့ပြောရမှန်းမသိ။ ထင့်ထစ်ငေါ့ငေါ့ဖြစ်နေပါတော့သည်။

ရသေ့လေးက...

'ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာကိုရောက်လာတာလဲ၊ ကျုပ်အိမ်ထဲဝင်ပြီးသန့်ရှင်းရေးလုပ်ပေးနေရတာက ဘာသဘောလဲ'

မေးခွန်းများ တရစပ်မေးပြီးသား ဖြစ်သွားလေတော့သည်။

မိန်းကလေးသည် သူမအား လူဆိုးဖမ်းကာ စစ်ဆေးသလို မေးခြင်းကြောင့် ကျွဲမြီးတိုသွားပုံရလေသည်။

'ကျွန်မက သန့်ရှင်းရေးလုပ်ပေးတာတောင် ရှင်က မကျေနပ်ဘူးလား။ စေတနာကို နားမလည်တဲ့သူပဲ'

ကြမ်းပြင်ပေါ်ခြေဆောင့်ကာ တံမြက်စည်းကို လွှင့်ပစ်လိုက်လေသည်။

သူမသည် ရသေ့လေးအား ဂရုမစိုက်တော့ဘဲ အိမ်ထဲမှ ထွက်သွားလေသည်။

'ဟေ့...ဟေ့...နေဦး'

ရသေ့လေးက ချက်ချင်းပြေးလိုက်သွားလေသည်။

အိမ်အပြင်ဘက်ရောက်လျှင် မိန်းကလေး၏နံဘေးမှကျေ တက်ကာ ရှေ့တွင်လက်နှစ်ဖက်ဆန့်တန်း၍ လမ်းပိတ်ထား လိုက်လေသည်။

မိန်းကလေးက နှုတ်ခမ်းစူကာ....

'ရှေ့ကလမ်းဖယ်ပေးစမ်းပါ'

ဟု အော်ပြောလေသည်။

ရသေ့လေးက....

'ကျုပ်ကိုစိတ်မဆိုးပါနဲ့ဗျာ၊ ကျုပ်ကအလောတကြီးပြေ လိုက်မိတာကိုခွင့်လွှတ်ပါ၊ ဒီတောထဲမှာ ကျုပ်နေလာတာကြ ပါပြီ၊ ပရဆေးရှာသူတချို့နဲ့ အမဲလိုက်မုဆိုးတချို့ကလွဲ တခြားဘယ်သူကိုမှမတွေ့ဖူးပါဘူး၊ ပြီးတော့ ကျုပ်ရဲ့အိမ် မှာ ရှုပ်ပွနေတာကို တစ်ယောက်ယောက်က လာလာ ရှင်းပေးနေတာကို တွေ့ရလို့ အတောင်ကို အံ့သြမိပါတယ ဒါကြောင့် ဘယ်လိုဖြစ်တာလဲ သိရအောင် ဒီကနေ့ ဘယ မသွားဘဲ ချောင်းကြည့်နေခဲ့တာပါ၊ မိန်းကလေးကို လိုက်ရလို့ မယုံနိုင်အောင် ဖြစ်သွား၍ သိချင်စိတ်နဲ့ မေ တာပါ'



တတွက်တွတ်ပြောဆိုရှင်းပြလိုက်သည်။

တစ်ဖန် တံတွေးမျိုချလိုက်ပြီး...

'မိန်းကလေးဟာ နတ်သမီးလေးတစ်ပါးတော့မဟုတ်ပါ ဘူးနော်'

ဟု မေးလိုက်လေသည်။

သူ၏စကားကြောင့် မိန်းကလေးက ပြုံးလိုက်မိလေသည်။

သို့သော် ချက်ချင်းပင် မျက်နှာကို တည်လိုက်ပြီး....

'ရှင်က ကျွန်မကို လှောင်ပြောင်တာလား'

ဟု ငေါက်လိုက်လေသည်။

ရသေ့လေး ကပျာကယာ လက်ကာပြလိုက်ပြန်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်အတည်ပြောနေတာပဲ၊ တော ထဲတောင်ထဲမှာ နတ်သမီးတစ်ပါးကို တွေ့နေရပြီထင်မိလို့ပါ၊ တကယ်ပါဗျာ'

မိန်းကလေးသည် စိတ်ဆိုးချင်ဟန် ဆောင်နေသော်လည်း ကျေနပ်သွားပုံရလေသည်။

'ကျွန်မက နတ်သမီးမဟုတ်ဘူး၊ လူရှင့်၊ ရှင်တို့က ဘာကြောင့် ရသေ့အဖြစ်ဟန်ဆောင်နေရတာလဲ၊ အင်း… ရှင်ဟာ ရသေ့လိုဝတ်ပြီး အသားစားတယ်ဆိုတော့ လူလိမ် လူညာတစ်ယောက်ပဲ ဖြစ်လိမ့်မယ်'

'ဗျာ'

ရသေ့လေး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မိန်းကလေးက မြေပေါ် ခြေဆောင့်လိုက်ပြီး…

'ကျွန်မက ဘာကြောင့် လူလိမ်လူညာ တစ်ယောက်နဲ့ ပတ်သက်မိရတာပါလိမ့်'

ကိုယ့်ကိုယ်ကို အပြစ်တင် ရေရွတ်လိုက်လေသည်။

ရသေ့လေး ဗျာများသွားလေသည်။

'မဟုတ်ရပါဘူးဗျာ၊ ကျုပ်ဟာ လူကောင်းတစ်ယောက်ပါ၊ လူလိမ်လူညာတစ်ယောက် မဟုတ်ပါဘူး'

မိန်းကလေး ခါးထောက်လိုက်လေသည်။

'ဘာလဲ၊ ကျွန်မကို ညာပြောလို့ ရမယ်များ ထင်သလား၊ ရှင်က ငါးဖမ်းပြီး မီးကင်စားတာကို ကျွန်မကိုယ် တွေ့မြင်ခဲ့တာရှင့်'



သူမှန်မျက်လုံးကိုညွှန်ပြကာ ပြောလေသည်။

တစ်ဖန်…

'လူမြင်ကောင်းအောင်ရသေ့လိုဝတ်ထားတယ်၊ သစ်ပင် အောက်မှာတရားထိုင်တယ်၊ တရားစာရေးဖတ်သလိုနဲ့ ကဗျာ လင်္ကာတွေရေးတယ်၊ ကဲ… ရှင် ဘာပြောချင်သေးသလဲ'

'ဒါ… ဒါတော…'

ရသေ့လေး မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

မိန်းကလေးက…

'ကျွန်မကတော့ ငယ်ငယ် ရွယ်ရွယ်နဲ့ ဆင်းရဲဒုက္ခခံပြီး တောနက်ထဲလာပြီး တရားရှာနေတယ်လို့ စေတနာနဲ့ ရှင့်ရဲ့ အိမ်ရှပ်ပွနေတာကို ကြည့်ကောင်းအောင် ရှင်းသင်းပေးခဲ့မိ တာ၊ ခုတော့ လူလိမ်လူညာတစ်ယောက် ဖြစ်နေတော့ သိပ် ကို ရှက်စရာကောင်းနေပြီ'

စကားဆုံးလျှင် ပြေးထွက်သွားရန် ဟန်ပြင်လိုက် လေ သည်။

ရသေ့လေးက ထိတ်ထိတ်လန့်လန့်ဖြင့် တားမြစ်လိုက်ပြန် သည်။

'မိန်း....မိန်းကလေး၊ နေပါဦးဗျာ၊ ကျုပ် ရှင်းပြပါရစေဦး'

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

'ရှင် ဘာတွေ လိမ်ပြောချင်သေးလို့လဲ'

ရဟန်းလေးက....

'ကျုပ် အမှန်အတိုင်းပြောနေတာပါ၊ မလိမ်ပါဘူးဗျာ၊ ကျုပ်နာမည် ယင်ကျင်းလို့ခေါ်ပါတယ်၊ ရဟန်းလေး တစ်ယောက်မဟုတ်ပါဘူး၊ ရိုးရိုး လူတစ်ယောက်ပါ'

ဟု ပြောလေသည်။

မိန်းကလေးက....

'ရှင်က ရိုးရိုးလူတစ်ယောက် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် ရဟန်းအဝတ်အစားတွေ ဘာကြောင့် ဝတ်ထားရတာလဲ'

ရဟန်းလေး (ဝါ) ယင်ကျင်းက....



'ကျုပ် ရှင်းပြပါရစေဗျာ၊ အမှန်တော့ ကျုပ်ဟာ ဆရာရဟန်းကြီးနဲ့အတူ ဒီနေရာမှာ နေထိုင်ခဲ့တာပါ၊ ဆရာရဟန်းကြီး ကွယ်လွန်ကာနီးတော့ သူမရှိတော့တဲ့ နောက်ပိုင်းမှာ တစ်ယောက်တည်းဆက်ပြီးနေသွားမယ်ဆိုရင် တစ်နေ့မဟုတ် တစ်နေ့ ဒီနေရာကိုရောက်လာနိုင်တဲ့လူတွေ တွေ့သွားရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်မိတာကြောင့် သူ့ရဲ့ရဟန်းအဝတ်အစားတွေကို ဝတ်ထားရမယ်လို့ မှာကြားသွားခဲ့လို့ပါ၊ ဒီအဝတ်တွေကိုကျုပ်လဲဝတ်ချင်ပါဘူးဗျာ'

ရဟန်းဝတ်စုံ ဖားဖားကြီးကိုကိုင်ကာ ပြောပြလေသည်။

ယင်ကျင်း၏ အသွင်မှာ ရယ်စရာ ကောင်းနေပါတော့သည်။

မိန်းကလေးသည် ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်ပြီး....

'ဒါဖြင့် သစ်ပင်အောက်မှာ ထိုင်ပြီး တရားကျင့်တာက ရော'

ဟု မေးလေသည်။

ယင်ကျင်းက....

'ကျုပ်က တရားထိုင်ကျင့်တာ မဟုတ်ပါဘူးဗျာ၊ စိတ်တည်ငြိမ်မှုရအောင် သမာဓိအားကို တည်ဆောက်နေတာပါ၊ အတွင်းအား ကျင့်စဉ်တစ်မျိုးပေါ့'

ဟု ရှင်းပြရင်း သူ၏စကားကို မိန်းကလေးက ယုံမှုယုံပါလေစဟု ပူပန်သောအကြည့်ဖြင့် လှမ်းကြည့်လေသည်။

မိန်းကလေးက...

'ဒါဆို ကဗျာလက်ဆောင် ရေးတာကရော'

ဟု မေးပြန်သည်။

ယင်ကျော်က...

'အိမ်ကိုလှမ်းလို့ပါဗျာ'

မိန်းကလေးက...

'အိမ်ဟုတ်လား၊ ရှင့်မှာ အိမ်ရှိတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ရှင့်ရဲ့အိမ်ကဘယ်မှာလဲ၊ ရှင့်ရဲ့မိဘတွေက ဘယ်သူတွေလဲ၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေကဲရော'

'ကျုပ်...'

ယင်ကျော်မှာ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။



သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အသွင်အထင်းသားပေါ်လွင်လာလေသည်။

မိန်းကလေးကို မကြည့်တော့ဘဲ ခေါင်းငုံ့ထားလိုက်လေတော့သည်။

မိန်းကလေးမျက်မှောင်ကြုတ်သွားသည်။

ယင်ကျော်တွင် အခက်အခဲ တစ်စုံတစ်ခုရှိနေကြောင်းသည်သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်...

'ရှင်ပြောဖို့ အခက်အခဲရှိတယ်ဆိုရင်လဲ မပြောမနေပါနဲ့တော့ရှင်ဟာ တကယ့်ရသေ့တစ်ယောက် မဟုတ်တော့ ကျွန်မလဲ လာပြီးလုပ်ကိုင်ပေးရင်း ကုသိုလ်ယူစရာ မလိုတော့ဘူးပေါ့၊ ကဲ...ကျွန်မသွားမယ်'

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ရိပ်ခနဲ ခုန်ထွက်သွားလေသည်။

ယင်ကျော် တန့်တားဖို့ပင် အချိန်မရလိုက်ပါချေ။

တစ်ခဏအတွင်းမှာပင် သစ်ပင်များကြားသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ယင်ကျော် ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။

* * *

တစ်နက်။

နှစ်ရက်။

သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ယင်ကျောင်းက မျှော်နေသော်လည်း မိန်းကလေးက ပေါ်မလာတော့ချေ။

ထို့နောက် နတ်မိမယ်လေးအလား ချောမောလှပသော မိန်းကလေးနှင့်ဆုံတွေ့မိသည့် ယင်ကျောင်း၏ အဖြစ်သည် အိပ်မက်တစ်ခုနှင့်ပင် တူနေပါတော့သည်။

မည်သို့ဆိုစေ....

ယင်ကျောင်းသည် ထိုအိပ်မက်ကလေး ပျက်ပြယ်မသွားစေလိုဘဲ အမြဲတမ်းမက်နေလိုပေတော့သည်။

* * *



မိန်းကလေးနှင့် တွေ့ဆုံခဲ့ခွာလိုက်ရပြီး ငါးရက်မြောက်သောနေ့ နံနက်ခင်းတွင် ယင်ကျောင်းသည် စမ်းချောင်းကလေးအနီးသို့ ရောက်ရှိလာလေသည်။

ထုံးစံအတိုင်း သစ်သီးများခူးလိုက်သည်။

တစ်ဖန် သစ်ကိုင်းတစ်ကိုင်းချိုးကာ စမ်းချောင်းထဲသို့ ဆင်းလာခဲ့လေသည်။

ယင်ကျောင်းက ငါးမဖမ်းတဲ့နေခဲ့သည်မှာအတော်ကြာသွား၍လားမသိ။ စမ်းချောင်းထဲ၌ ငါးများမြူးတူးနေသည်ကို တွေ့မြင်ရလေသည်။

ယင်ကျောင်းသည် အကြီးဆုံးငါးတစ်ကောင်ကို ချိန်ရွယ်ကာ သစ်ကိုင်းချွန်းဖြင့် ထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

ပလုံ။

သစ်သီး ကလေးတစ်လုံးသည် ချောင်းထဲကြွေကျလာလေသည်။

ရေပြင်ဝဲဂယက်ထကာ လှုပ်ရှားသွားခြင်းကြောင့် ငါးများလန့်ဖျပ်ပြီး အဝေးသို့ ကူးခတ်သွားကြလေတော့သည်။

ယင်ကျင်း တာမှမဘတ်နိုင်တော့ပါ။

သစ်ကိုင်းကိုလွှင့်ပစ်ကာ ကမ်းစပ်ပေါ်သို့ တက်လာခဲ့ရ တော့သည်။

ယနေ့အဖို့တော့ သစ်သီးများကိုသာ စားသောက်ပြီး တင်းတိမ်ရတော့မည်ဖြစ်လေသည်။

ဝါးအိမ်ကလေးသို့လှည့်ပြန်လာခဲ့ရာ တစ်နေရာသို့အရောက် တွင် သစ်ကိုင်းတစ်ကိုင်းပေါ်၌နားနေသောငှက်တစ်ကောင် ကို တွေ့လိုက်ရပြန်သည်။

ယင်ကျင်း ဝမ်းသာသွားသည်။

'တော်ပါသေးရဲ့ ငှက်သားစားရဦးမယ်'

ဟု ရေရွတ်ကာ မြေပေါ်မှကျောက်ခဲတစ်တုံးကောက်ယူ လိုက်လေသည်။

ငှက်ကိုကျောက်ခဲဖြင့် ပစ်ပေါက်ရန် ဟန်ပြင်လိုက်စဉ်မှာ ပင်....

'ဖြောက်'

သစ်ကိုင်းလေးတစ်ကိုင်း ကျိုးကျလာသည်။



ငှက်သည်လည်း လန့်ဖျပ်ကာ အဝေးသို့ပျံသန်းသွားလေ တော့သည်။

ယင်ကျင်း မကျေမနပ်ဖြစ်သွားလေသည်။

'ငါ့ရဲ့ကုသိုလ် တော်တော်ဆိုးပါလား'

ဟု ညည်းတွားလိုက်လေသည်။

ငှက်ကိုမရနိုင်တော့သဖြင့် လက်လျှော့ကာရှေ့ဆက်လာခဲ့ လေသည်။

ဝါးအိမ်ကလေးသို့ပြန်ရောက်မီ ဝါးသုံးရိုက်ခန့် အကွာသို့ အရောက်တွင် ယုန်ကလေးတစ်ကောင် အစာစားနေသည်ကို တွေ့လိုက်ရလေသည်။

ယင်ကျင်းသည် သစ်ပင်တစ်ပင်နောက်သို့ ကပျာကယာ ပုန်းကွယ်နေလိုက်ပြီး ချောင်းကြည့်လိုက်သည်။

ယုန်ကလေးကား သူ့အားတွေ့မြင်ခြင်းမရှိဘဲ အစာကို အငမ်းမရ စားသောက်နေလေသည်။

ယင်ကျင်းက....

'ဒီတစ်ခါတော့ အလွတ်မပေးတော့ဘူး'

ဟု ရေရွတ်လိုက်သည်။

ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်ပြန်သည်။

ယုန်ကလေးအား ချိန်ရွယ်ကာ ပစ်ပေါက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

ယုန်ကလေးအနီးရှိ ချုံပုတ်တစ်ခုမှာ သွက်သွက်ခါအောင် လှုပ်ယမ်းသွားလေသည်။

ယုန်ကလေးသည် ထိတ်လန့်သွားကာ ချက်ချင်းပင် ထွက်ပြေးသွားလေတော့သည်။

ယင်ကျောင်းမျက်လုံးပြူးသွားသည်။

ယုန်ကလေးအား မရလိုက်သဖြင့် စျေးမရဲဖြစ်သွားလေသည်။

'ငါ့ကုသိုလ်ကံက ဒီလောက်တောင် နေရသလား'

ဟု ညည်းတွားလိုက်သည်။

သစ်ပင်နောက်ကွယ်မှထွက်ကာ ရှေ့ဆက်လှမ်းလာခဲ့လေသည်။



ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းသွားလိုက်ပြီးလျှင် တစ်စုံတစ်ခုကို တွေးတောစဉ်းစားမိလိုက်သဖြင့် ခြေလှမ်းတို့ ခနဲ ရပ်သွားသည်။

သို့သော်....

ချက်ချင်းပင် ဝါးအိမ်ကလေးဆီသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်လေတော့သည်။

* * *

ယင်ကျောင်း။

ယင်ကျောင်းသည် ဝါးအိမ်ကလေးသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။

ယင်ကျောင်းက ခြေလှမ်းရပ်လိုက်သည်။

အိမ်နှင့်အိမ်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် အိမ်ထဲသို့ တစ်လှမ်းချင်းလှမ်းဝင်သွားလေသည်။

တစ်အိမ်လုံးကား ရှုပ်ပွနေပါသည်။

ယင်ကျင်းသည် မိန်းကလေးရောက်လာခိုးဖြင့် ရှုပ်ပွထား ရာမှ ခြေချစရာမရှိအောင်ပင် ရှုပ်ပွနေခြင်းဖြစ်ပါသည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

အိမ်အပြင်ဘက်သို့ ပြန်ထွက်လိုက်သည်။

သူက ဘယ်လိုမှ ရှာဖွေမနေတော့ပါ။

အိမ်ရှေ့၌ချထားသော ကျောက်တုံးတစ်တုံးပေါ်၌ ထိုင် ချလိုက်ပြီး....

'တောထဲမှာ နတ်သမီးလေးတွေရှိတယ်ဆိုတာ တကယ်ပါ ပဲလား'

ဟု အသံကျယ်ကျယ်ဖြင့် ရေရွတ်လိုက်လေသည်။

တစ်ဖန်....

'နတ်သမီးလေးတွေဟာ ချောလဲချောတယ်၊ လှလဲလှတယ်၊ သဘောလဲကောင်းတယ်၊ အိမ်သန့်ရှင်းရေးလဲ လုပ်တတ်တယ်'

ဟု ပြောကာ ရယ်မောလိုက်လေသည်။



သူ၏ရယ်သံ ကျယ်လောင်စွာထွက်ပေါ်လာပါသည်။

ညှိမျှနှင့် ရပ်မသွားသေးပါ။

ယင်ကျင်းသည် မြေပေါ်လှဲချလိုက်လေသည်။

'နတ်သမီးလေးရယ်၊ ကျုပ်တော့ ရူးရတော့မယ်၊ မင်းကို မြင်မြင်ချင်းစွဲလန်းမိပြီး မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရတယ်၊ အခု မင်းမရှိတော့ဘူးဆိုတော့ ကျုပ် ရင်ကွဲပြီးသေရတော့မယ်ထင်ပါရဲ့'

ဟု ပြောကာ လူးလှိမ့်လိုက်လေသည်။

ထိုစဉ်....

'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း'

အော်ဂေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။

သစ်ပင်များကြားမှ လူရိပ်တစ်ခု ခုန်ထွက်လာသည်။

နတ်သမီးလေး (ဝါ) ထူးဆန်းသောမိန်းကလေး ရောက် ရှိလာပြီဖြစ်လေသည်။

* * *

ယင်ကျောင်းသည် မြေပေါ်မှခုန်ဆင်းလိုက်လေသည်။

မိန်းကလေးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'နတ်သမီးလေး၊ မင်းအကယ်ပဲရောက်လာပြီနော်'

ဟု ပြောလိုက်လေသည်။

မိန်းကလေး၏မျက်နှာ နီရဲနေသည်။

သူမ၏အသားများ တဆတ်ဆတ်တုန်နေပြီး နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ထားသေးသည်။

ယင်ကျောင်းက....

'နတ်သမီးလေးရယ်၊ ကျုပ်ကိုထားပြီး မသွားပါနဲ့တော့၊ ကျုပ် မင်းကိုမခွဲနိုင်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ရုတ်တရက်...

မိန်းကလေးသည် ယင်ကျောင်းအနီးသို့ ရိပ်ခနဲရောက်ရှိလာပြီး ပါးရိုက်ချလိုက်လေတော့သည်။

'ဖြန်း'



'အမယ်လေးဗျ'

ယင်ကျောင်းသည် နီရဲသွားသောပါးပြင်ကို လက်ဝါးဖြင့် ပွတ်ကာ ကပျာကယာနောက်ဆုတ်လိုက်လေသည်။

မိန်းကလေးအား မျက်လုံးပြူး၍ကြည့်ကာ....

'မင်း...မင်းက ကျုပ်ကိုပါးရိုက်တယ် ဟုတ်လား'

မိန်းကလေးက....

'ရှင့်ကို ပါးရိုက်ရုံတင်မကဘူး၊ သတ်ပစ်ဖို့တောင်ကောင်းသေးတယ်'

'အမယ်လေးဗျ'

ယင်ကျောင်း အထိတ်တလန့် အော်လိုက်လေသည်။

တစ်ဖန် လက်ကာပြရင်း ကြောက်ရွံ့ထိတ်လန့်သောလေသံမျိုးဖြင့်....

'အမယ်လေး၊ ကျုပ်ကိုမသတ်ပါနဲ့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ ကျုပ်က နတ်သမီးလေးမှတ်လို့ ပြောမိတာပါ'

သူသည် နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင်ရိုက်လိုက်ပြီး....

'သွားပါပြီဗျာ၊ နတ်သမီးလေးဆိုရင် သိပ်ကောင်းမှာပဲ၊ ခုတော့ ကျုပ်က နတ်သမီးလေးကို လွမ်းနေလို့မရနိုင်တော့ ဘူးပေါ့'

ဟု ပြောလိုက်သည်။

'ရှင်....ရှင်'

မိန်းကလေးက ရှေ့တိုးလှာသည်။

ယင်ကျော်းက နောက်ဆုတ်လိုက်လေသည်။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ကျုပ်တောင်းပန်ပါတယ်ဗျာ၊ မင်းကို နတ်သမီးလေး ထင်ပြီး ပြောမိတာတွေကို ခွင့်လွှတ်ပါ၊ မင်းဟာ နတ်သမီး အေးမဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေလို့ ကျုပ်ပြောခဲ့တာ တွေကို မင်းကြားသွားပြီပေါ့နော်၊ ကျုပ် ရှက်လိုက်တာ ဗျာ'

ဟု တောင်းပန်သလိုပြောပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

သို့သော် လက်ချောင်းကလေးများကြားမှ ချောင်းကြည့် လိုက်လေသည်။



မိန်းကလေးကား အကြီးအကျယ်ဒေါပွနေပါတော့သည်။

'ရှင်....ရှင်'

သူမသည် ပြောစရာစကားရှာမရသည့်အလား ထစ်ထစ် ငေါ့ငေါ့ဖြစ်နေ၏။

ယင်ကျော်း၏ရှေ့၌နေရသည်ကို ရှက်ရွံ့သလိုခံစားလာရပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ယင်ကျော်းက....

'ညီမ နေပါဦး'

ကိပျာကယာ ဟန့်တားရင်း ပြေးလိုက်သွားလေတော့ သည်။

*　*　*

မိန်းကလေး တစ်ဟုန်ထိုး ထွက်ပြေးသွားလေသည်။

မိန်းကလေးသည် သစ်ပင်များကြားသို့ ဝင်ပြေးသွားသော်လည်း တောကျွမ်းသည့် ယင်ကျောင်းက တစ်ခဏအတွင်း မိသွားပြီး လမ်းပိတ် ဟန့်တားလိုက်လေသည်။

'ညီမ နေပါဦး၊ ကျုပ် တောင်းပန်ပါရစေဦး'

ဟု ပြောလိုက်လေသည်။

မိန်းကလေး ဒေါပွနေပါသည်။

'ဘေးဖယ်လိုက်စမ်း'

ဟု ဟောက်လိုက်သည်။

ယင်ကျောင်းက...

‘ညီမ၊ ကျုပ်ကခုပျော်လို့ပြောမိတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်’

မိန်းကလေးက....

‘ရှင် ဖယ်မလား၊ မဖယ်ဘူးလား’

‘ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး ညီမရယ်’

ယင်ကျော်က တောင်းပန်နေ၏။

မိန်းကလေးသည် လက်မခံဘဲ ခေါင်းခါယမ်းလိုက်လေသည်။

‘ရှင် လမ်းဖယ်မပေးရင် ကျွန်မအဆိုးမဆိုနဲ့၊ ရှင့်ကိုသတ်ပစ်မိလိမ့်မယ်’

သူမသည် လက်တစ်ဖက်မြှောက်ကာ ရိုက်ချရန်ဟန်ပြင်လိုက်လေသည်။

လမ်းဖယ်မပေးလျှင် အမှန်တကယ် တိုက်ခိုက်မည့်သဘော ရှိလေသည်။

သို့သော်....

ယင်ကျော်က လမ်းဖယ်ပေးခြင်းမရှိပါချေ။



‘ကောင်းပြီ၊ ကျုပ်ကို တစ်ခါတည်းသာ သတ်ပစ်လိုက်ပါတော့ ညီမရယ်’

‘ရှင်....ရှင်’

‘ကျုပ်ဟာ အထီးကျန်ဘဝနဲ့ အသက်ရှင်နေရတာထက် သေသွားတာကမှ ကောင်းပါသေးတယ်၊ မင်းကိုတွေ့ရလို့ကျုပ်စိတ်တွေ ပျော်ရွှင်လာပြီး ပြောဆိုမိခဲ့တာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်’

မိန်းကလေးမှာ အရှက်ကြီးရှက်နေသည်ဖြစ်ရာ....

‘မလိုချင်ဘူး၊ လမ်းဖယ်လိုက်စမ်း’

ဟု အော်ငေါက်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

ယင်ကျော်ကလည်း ရှောင်တိမ်းခြင်းမပြုပါချေ။

ထို့ကြောင့်....

‘ဝုန်း’

ကျယ်လောင်သော အသံသစ်ချက်ထွက်ပေါ်လာပြီး ယင်ကျော်မှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

ယင်ကျင်းသည် မြေပေါ်လဲကျသွားပြီး သုံးလေးပတ်မျှ လိမ့်သွားလေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

ထို့နောက် မလှုပ်မယှက်ဖြစ်သွားလေသည်။

မိန်းကလေးသည် ယင်ကျင်းကို ကြည့်ကာ မျက်မှောင်ကြုတ်သွားလေသည်။

ယင်ကျင်းက မလှုပ်မယှက် ဖြစ်နေသည်။

မိန်းကလေး၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေတော့သည်။

'ရှင်... ရှင် ဘယ်လိုဖြစ်သွားတာလဲ'

ဟု မေးလိုက်လေသည်။

ယင်ကျင်းကား လှုပ်ရှားမလာချေ။

မိန်းကလေးမနေနိုင်တော့ဘဲ ယင်ကျင်းအနီးသို့ ချဉ်းကပ်သွားကာ စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ...



သူမ၏ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ယင်ကျင်း သတိလစ် မေ့မြောနေလေတော့သည်။

'ဒုက္ခပါပဲ'

မိန်းကလေး ညည်းတွားလိုက်သည်။

ချက်ချင်းပင် အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေး တစ်လုံး နှိုက်ယူလိုက်သည်။

ပုလင်းထဲမှ အနီရောင်ဆေးလုံးလေးတစ်လုံးကို ထုတ်ကာ ယင်ကျင်း၏ပါးစပ်ထဲသို့ ပေးလိုက်လေသည်။

ဆေးလုံးလေးသည် ပါးစပ်ထဲရောက်သွားသည်နှင့် ချက်ချင်း အရည်ပျော်ပြီး ဝမ်းဗိုက်ထဲသို့ စီးဝင်သွားလေတော့သည်။

မိန်းကလေးက ယင်ကျင်း၏ ခန္ဓာကိုယ်ပေါ်မှ ချီထိုက်သွေးကြောနေရာသို့ လက်ညှိုးဖြင့် ခတ်ခနဲဆတ်ခနဲ နှစ်ချက် ထောက်လိုက်လေသည်။

ထိုအခါ...

'အင့်'

ယင်ကျင်း၏ ညည်းတွားသံ ထွက်ပေါ်လာလေသည်။

ခန္ဓာကိုယ်လည်း လူးလွန့်လှုပ်ရှားသွားလေသည်။

မိန်းကလေး ဝမ်းသာသွားသည်။

'ရှင် သတိရလာပြီလား'

ယင်ကျင်းက မျက်လုံးဖွင့်ကြည့်လာသောအခါ သူမက ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

'အား....ကျွတ်...ကျွတ်'

ယင်ကျင်းက ညည်းတွားရင်း လူးလှိမ့်ထလာလေသည်။

မိန်းကလေးသည် ယင်ကျင်းအား ဖေးမရမလို၊ သို့မဟုတ် နောက်ဆုတ်ရမလို ဖြစ်သွားသည်။

ယင်ကျင်းက မိန်းကလေးကို ကြည့်လိုက်ပြီး....

'ကျုပ်ကို ဘာကြောင့် တစ်ခါတည်း သတ်မပစ်လိုက်တာလဲ'

ဟု မေးလေသည်။

မိန်းကလေးက....

'ရှင်'



ယင်ကျင်း သက်ပြင်းချလိုက်သည်။

'ကျုပ်သေသွားတာတာမှ ကောင်းပါလိမ့်မယ်'

ဟု ညည်းတွားလိုက်သည်။

မိန်းကလေးက....

'ရှင် ဘယ်လိုဖြစ်နေတာလဲ'

'ကျုပ်....'

ယင်ကျင်းသည် ခေါင်းခါယမ်းလိုက်သည်။

'မိန်းကလေး၊ ကျုပ်ကိုမသတ်ဘူးဆိုရင်လဲ ထွက်သွားပါတော့ဗျာ'

ဟု ပြောကာ အိမ်ရှေ့သို့လှမ်းသွားလိုက်ပြီး ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ပြီး ခေါင်းငိုက်စိုက် ချထားလိုက်လေသည်။

မိန်းကလေးက ထွက်သွားခိုင်းသော်လည်း 'ထွက်မသွားချေ။

ယင်ကျင်းအနီးသို့ လှမ်းလာပြီး....

'ရှင်က ကျွန်မရောက်လာလိမ့်မယ်လို့ ဆိုတာကို သိနေတယ် မဟုတ်လား'

ဟု မေးလာလေသည်။

ယင်ကျင်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ'

'ဘယ်လိုလုပ်ပြီး သိတာလဲ၊ ပြောစမ်းပါဦး'

ယင်ကျင်းက....

'ကျုပ်ကစမ်းချောင်းထဲမှာ ငါးဖမ်းခဲ့တယ်၊ ငါးမိတာနီးမှ သစ်သီးတစ်လုံး ချောင်းထဲကိုကျလာပြီး ငါးတွေထွက်ပြေးသွားတယ်၊ ကျုပ် သေသေချာချာစဥ်းစားကြည့်တော့ သစ်သီးဟာ ချောင်းထဲကို သူ့ဘာသာ ကြွေကျလာစရာ အကြောင်းမရှိဘူး၊ တစ်စုံတစ်ယောက်က ပစ်ချလိုက်လို့ပဲဆိုတာ သိလာရတယ်'

မိန်းကလေးက ခေါင်းညိတ်လိုက်လေသည်။

ယင်ကျင်းက....

'ငါးဖမ်းလို့မရတာနဲ့ အိမ်ကိုပြန်လာရင်း တောမှာငှက်တစ်ကောင်ကို တွေ့ခဲ့ရတယ်၊ ကျုပ်ကငှက်ကိုပစ်မှလို့လုပ်တုန်း



သစ်ကိုင်းတစ်ခုကျိုးကျသွားတာကြောင့် ငှက်ကအဝေးကိုပျံပြေးသွားတယ်၊ သစ်ကိုင်းဆိုတာခြောက်သွေ့သွားမှကျိုးကျတတ်တာ၊ အခုတော့ ကျိုးကျလာတဲ့သစ်ကိုင်းဟာ အစိမ်းကြီး ရှိနေသေးတယ်'

မိန်းကလေး ခါးမျက်နှာ ပြုံးယောင်သမ်းလာလေသည်။

ယင်ကျင်းက ဆက်ပြောလိုက်လေသည်။

'နောက်ထပ်ရှေ့ဆက်လာရင်းစားစရာအဖြစ် နောက်ထပ် ယုန်တစ်ကောင်ကိုတွေ့လို့ ဖမ်းမယ်လုပ်တုန်း ချုံပုတ်ကြီးဟာ လေမတိုက်ဘဲ လှုပ်ရှားသွားတာကြောင့် ယုန်ကထွက်ပြေးသွားပြန်တယ်'

မိန်းကလေး မနေနိုင်ဘဲ ရယ်မောလိုက်လေသည်။

ယင်ကျင်းလည်း ပြုံးလိုက်သည်။

'ကျုပ်က ဒီတောအုပ်ထဲမှာ နေလာတာ နှစ်ဆယ်ကျော်ပါပြီ၊ ဒါကြောင့် ထူးခြားပြီဆိုတာနဲ့ချက်ချင်းရိပ်မိလိုက်တာပဲ၊ ကျုပ်နဲ့ပတ်သက်စရာလဲတစ်ယောက်မှမရှိဘူး၊ ဒါကြောင့် ငါးဖမ်းလို့မရအောင် ငှက်နဲ့ယုန်ကိုဖမ်းလို့မရအောင်လုပ်တာဟာ ကျုပ်အိမ်ကိုသန့်ရှင်းပေးခဲ့တဲ့ မိန်းကလေးပဲ ဖြစ်မယ်လို့ တွေးမိပြီး အိမ်ကိုပြန်လာခဲ့တာပေါ့၊ တကယ်ပြောတာပါ၊ ကျုပ်က ညီမကိုနတ်သမီးလေးတစ်ပါးပဲ ဖြစ်စေချင်မိတာ'

နတ်သမီးလေးအား သံယောဇဉ်ဖြစ်မိပြီး လွမ်းလှသည်ဟု ပြောခဲ့ပါသည်။

နတ်သမီးလေးအား လိုချင်လှသည့် အိပ်မက်ပင် မက်ခဲ့သည်ဟု ပြောခဲ့ပါသည်။

မိမိသာ နတ်သမီးလေး အမှန်တကယ်ဖြစ်ခဲ့ပါလျှင် မိန်းကလေး၏မျက်နှာ နီရဲသွားပြန်လေသည်။

သို့သော်....

ယခုတစ်ကြိမ်တွင် ယင်ကျော်းအား အောင်ပေါက်ခြင်း၊ တိုက်ခိုက်ခြင်း မပြုတော့ပါချေ။

သူမသည် ရှက်စနိုးလေးဖြင့်....

'ရှစ်...ဘာတွေလျှောက်ပြောနေတာလဲ၊ ရှင့်ကိုဘယ်သူကနေခိုင်းတော့ ယှက်ခဲ့လို့လဲ၊ ရှင့်မှာစားစရာမရှိဘဲ ဒုက္ခရောက်အောင်လုပ်တာ ဟုတ်လို့လား၊ ရှင့်အိမ်ထဲဝင်ကြည့်စမ်းလိုလား'

'ကျုပ်'

ယင်ကျော်းသည် အိမ်ကလေးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ယခုမှ....



အိမ်ကလေးအတွင်းမှ မွှေးကြိုင်သောဟင်းနံ့များ ထွက်ပေါ်နေသည်ကို သတိပြုမိလိုက်လေသည်။

ယင်းကျော်သည် အိမ်ထဲသို့ကပျာကယာလှမ်းဝင်လိုက်လေသည်။

ထိုအခါ....

တစ်အိမ်လုံးပြောင်လက်အောင်သန့်ရှင်းထားပြီး အိမ်ရှေ့စားပွဲပေါ်၌ စားသောက်စရာများ အဆင်သင့်ပြင်ဆင်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

စားသောက်ဖွယ်ရာများကား အမျိုးစုံလင်လှပေသည်။

ကြက်ကြော်၊ ဝက်သားပေါင်း၊ နံရိုးကင်၊ ခေါက်ဆွဲ၊ ဝက်အူချောင်း၊ ဘဲဥကြော်၊ မုန့်ညင်းရွက်ကြော်စသည်...စသည်ဖြင့် အမျိုးပေါင်းစုံလင်လှပေသည်။

ယင်ကျော်းသည် ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်အောင် ဖြစ်သွားရပါတော့သည်။

ဤမျှအမျိုးပေါင်းစုံလင်လှသော စားသောက်ဖွယ်ရာများကို တောထဲတောင်ထဲ၌ ရနိုင်လိမ့်မည်မဟုတ်ပါချေ။

မြို့ပေါ်ရှိ ထိပ်တန်းစားသောက်ဆိုင်များ၌သာ ရနိုင်လိမ့်မည်ဖြစ်လေသည်။

ယင်ကျွင်းက...

'မယုံနိုင်စရာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ် မိန်းကလေးက အိမ်ထဲသို့ဝင်ရောက်လာလေသည်

ယင်ကျွင်းသည် မိန်းကလေးအား လှမ်းကြည့်လိုက်ပြီး

'ဒီစားသောက်စရာတွေကို ညီမယူလာတာ ဟုတ်လား

ဟု မေးလိုက်လေသည်။

မိန်းကလေးက ပြုံးနေပြီး ဘာမှမပြောချေ။

ယင်ကျွင်းက...

'ညီမဟာ လူမဖြစ်နိုင်ဘူး၊ တကယ့်နတ်သမီးလေးပဲ'

ဟု ပြောလိုက်သည်။

မိန်းကလေးက နှုတ်ခမ်းစူလိုက်လေသည်။

'လာပြန်ပြီ၊ ဒီနတ်သမီး'

ယင်ကျွင်းက...



'ညီမဟာ နတ်သမီးမဟုတ်ရင် ဒီလိုစားစရာတွေကို တော ထဲတောင်ထဲမှာရအောင် ဘယ်လိုလုပ်ပြီး ဖန်တီးနိုင်မှာလဲ'

မိန်းကလေးက....

'ရှင်တော်တော်ညံ့တာပဲ၊ ရှမ်းကုန်းမိသားစုဟာ ဘယ်လို ကိစ္စမျိုးကိုမဆို ဖြစ်အောင်ဖန်တီးနိုင်တယ်ဆိုတာ မှတ်ထား ပါရှင်'

ဟု ပြောလေသည်။

ယင်ကျွင်း မျက်ခမှောင်ကြုတ်သွားလေသည်။

'ရှမ်းကုန်းမိသားစု ဟုတ်လား'

မိန်းကလေးက...

'ဟုတ်တယ်၊ ကျွန်မဟာ ရှမ်းကုန်းမိသားစုရဲ့ တတိယ သခင်ရဲ့သမီး ရှမ်းကုန်းချင်းပဲ'

ယင်ကျွင်းက ပြုံးလိုက်သည်။

'ညီမလေးရဲ့နာမည်က လှလိုက်တာ၊ ဒါပေမယ့် ကျုပ်က ရှမ်းကုန်းမိသားစုကို မသိတာခက်တယ်'

'ရှင်....ရှင်'

မိန်းကလေး မကျေမနပ်ဖြစ်သွားလေသည်။

ယင်ကျော်းက....

'ကျုပ် တကယ်မှသိလို့ပါ၊ ကျုပ်ကို စိတ်မဆိုးပါနဲ့ မိန်း
ကလေးရယ်'

ဟု တောင်းပန်လိုက်လေသည်။

မိန်းကလေးသည် ငယ်ရွယ်နုပျိုသည့် ချောမောလှပသည့်
သဘောမနော ကောင်းပြီး စိတ်ထားဖြူစင်ပုံရလေသည်။

သို့သော်....

သူမသည် စိတ်ဆိုးလွယ်ပြီး ဒေါသကြီးသူလည်းဖြစ်လေ
သည်။

ထစ်ခနဲဆိုသည်နှင့် စိတ်ဆိုးတတ်သူဖြစ်ကြောင်း ယင်ကျော်
ရိပ်မိထားပေတော့သည်။

မိန်းကလေး (ဝါ) ရှမ်းကုန်းချင်းက....

'သိုင်းလောကမှာ ရှမ်းကုန်းမိသားစုကို မသိတဲ့လူမရှိဘူး
နာမည်ကြီးတာနဲ့ အားလုံးရှိသေလေးစားသွေးကြရတာ
ရှင့်'



ယင်ကျော်းက....

'ကျုပ် တကယ်မသိလို့ပါ'

'ရှင် အခုသိရပြီမဟုတ်လား'

'ဟုတ်သားပဲ၊ ကျုပ်က ရှမ်းကုန်းမိသားစုကို လေးစား
ပါတယ်ဗျာ'

ဦးညွတ်ကာပြောလိုက်လေသည်။

မိန်းကလေး ကျေနပ်သွားလေသည်။

ယင်ကျော်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'ရှင်တကော ဘယ်မိသားစုကလဲ'

ဟု မေးလေသည်။

ယင်ကျော်းက....

'ကျုပ်က....'

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောဘဲနေလိုက်
လေသည်။

မိန်းကလေး (ဝါ) ရှမ်းကုန်းချင်းက....

'ဘာလဲ၊ ရှင်က မပြောနိုင်ဘူး ဟုတ်လား'

'ကျုပ်က....'

'ရှင်ဟာ လူလိမ်လူညာတစ်ယောက်ပဲ ဟုတ်လား'

'ဟာ....မဟုတ်ပါဘူး'

ယင်ကျော်က ကပျာကယာ လက်ကာပြလိုက်လေသည်။

ရှမ်းကုန်းချောင်းက....

'ကျွန်မ ဘာကြောင့် ဒီကို တစ်ခေါက်ပြန်ပြီး လာခဲ့ရတယ် ဆိုတာ ရှင်သိသလား'

ယင်ကျော်က သူမကို ကြည့်လိုက်လေသည်။

ရှမ်းကုန်းချောင်းက....

'ရှင့်ရဲ့အကြောင်းကို ဖော်ထုတ်ချင်လို့ လာခဲ့တာရှင့်၊ ဒီမှာ ကျွန်မမျက်နှာကို သေသေချာချာကြည့်စမ်းပါ'

ယင်ကျော်က ကြည့်လိုက်လေသည်။

ရှမ်းကုန်းချောင်းက မျက်နှာထားတင်းတင်းဖြင့်....



'ကျွန်မတို့ ရှမ်းကုန်းမိသားစုဟာ လူလိမ်လူညာဆိုရင် သိပ်မုန်းတယ်၊ လိုက်လိုက်တန်တန် အပြစ်ပေးဆုံးမတတ်ကြတယ်၊ ဒါကြောင့် ရှင့်အကြောင်းကိုဖော်ထုတ်ဖို့ ကျွန်မ ပြန်လာခဲ့တာပဲ'

ယင်ကျော် မျက်လုံးပြူးသွားလေသည်။

'ကျုပ်....ကျုပ်က....'

'ကဲ....ရှင်ဘယ်သူလဲ၊ ဘယ်အရပ်ဒေသက လာတာလဲ၊ ဘာကြောင့် ဒီတောအုပ်ထဲမှာ လာပြီးဇာတ်မြုပ်နေရတာလဲ၊ ပြောစမ်းပါတော့'

မိန်းကလေး၏အသံမှာ ပြောလျှင်ပြော မပြောလျှင် တိုက်ခိုက်မည်ဆိုသည့်အသံမျိုး ဖြစ်နေပါတော့သည်။

ယင်ကျော် သက်ပြင်းချလိုက်သည်။

'ကျုပ် ပြောပြချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ကို ကတိတစ်ခုတော့ ပေးမှဖြစ်လိမ့်မယ်'

ရှမ်းကုန်းချောင်းက....

'ဘာကတိလဲ'

ယင်ကျော်က....

‘ကျုပ်ပြောပြတဲ့ကိစ္စ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး ဆိုတဲ့ကတိပါ’

ရှမ်းကုံးချင်း မျက်မှောင်ကြုတ်သွားလေသည်။

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းခါယမ်းလိုက်လေသည်။

‘ကတိမပေးနိုင်ဘူး’

‘ဟင်’

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ရှမ်းကုံးချင်းကို နားမလည်နိုင်စွာကြည့်ရင်း....

‘ဘာဖြစ်လို့လဲ’

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်း မဲ့ပြုံးပြုံးကာ....

‘ဘာဖြစ်ရမလဲ၊ ရှင်ဟာ မကောင်းတဲ့ လူတစ်ယောက် ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ရှင့်အကြောင်း ဘယ်သူ့ကိုမှ ပြောမပြရဘူးဆိုတော့ ကျွန်မပါအလိုတူအလိုပါ ဖြစ်သွားမှာပေါ့’



ယင်ကျင်းက....

‘ဟာ... ဒီလိုလဲမဟုတ်ပါဘူးဗျာ၊ ကျုပ်က မဟုတ်တာ ဘာမှမလုပ်ခဲ့ပါဘူး၊ ကျုပ်အကြောင်း မှသိစေချင်တာက သတင်းပေါက်ကြားသွားရင် ရန်သူတွေ ရောက်လာမှာ စိုးလို့ပါ’

ရှမ်းကုံးချင်းက....

‘ရန်သူတွေ’

‘ဟုတ်ပါတယ်ဗျာ’

‘လက်စသတ်တော့ ရှင့်မှာ ရန်သူတွေရှိနေတာကိုး၊ ရှင့်ရဲ့ ရန်သူ ဘယ်သူဘယ်ဝါလဲဆိုတာ ပြောစမ်းပါဦး’

ယင်ကျင်းက တည်ကြည်သောမျက်နှာထားဖြင့်....

‘ကျုပ်ကို ကတိမပေးရသေးပါဘူး’

ဟု ပြောလိုက်လေသည်။

ရှမ်းကုံးချင်း ကဲ့မြီးတိုသွားလေသည်။

‘ကျွန်မ ဘယ်တော့မှကတိမပေးဘူး၊ ရှင်ပြောချင်ပြော မပြောချင်နေ’

'ညီမ'

'ကျွန်မကို ညီမလို့ ခေါ်စရာမလိုဘူး'

'ဟင်း'

ယင်ကျင်း အားမလိုအားမရ ဖြစ်သွားလေတော့သည်။

ရှမ်းကုံးချင်းက....

'ရှင်ဟာ ရခဲ့ဟန်ဆောင်ထားတဲ့ လူလိမ်လူညာ တစ်ယောက်ဆိုတာ ကျွန်မသိထားတယ်'

ဟု ပြောလေသည်။

မိမိ မခံချင်အောင် တခင်း စွပ်စွဲပြောဆိုလိုက်ခြင်း ဖြစ်ကြောင်း ယင်ကျင်း ရိပ်မိသဖြင့် စိတ်မဆိုးပါချေ။

ရှမ်းကုံးချင်းက ခါးထောက်လိုက်ပြီး....

'ရှင်မပြောလဲ ရှင့်အကြောင်းကို ကျွန်မစုံစမ်းလို့ ရတယ်ဆိုတာမှတ်ထားပါ၊ ရှင် ကျပ်ကျပ်သတိထားနေပါ'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ပြေးထွက်သွားလေသည်။

ယင်ကျင်းက....



'ညီမ့....ညီမ'

သူက ဟန့်တားလိုက်သော်လည်း ရှမ်းကုံးချင်းက လက်ခံပါ။

တစ်ဟုန်ထိုး ပြေးလွှားသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

ရှမ်းကုံးချင်း ပျောက်ကွယ်သွားလေသည်။

ယင်ကျင်းသည် သူမရောက်လာလေမလားဟု စောင့်စားမျှော်လင့်နေခဲ့လေသည်။

သို့သော်....

ရှမ်းကုံးချင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

မနေနိုင်တော့သည့် နေ့ကဆုံး လိုက်ရှာရန် ဆုံးဖြတ်လိုက်လေသည်။

ယင်ကျောင်းသည် ထင်းစန်းတောင်ခြေ တောအုပ်ထဲမှ ထွက်လိုက်လာခဲ့လေသည်။

နက်ရှိုင်းလှသော တောအုပ်အတွင်းပိုင်းမှ ထွက်လာပြီး နေ့ဝက်ခန့် ခရီးနှင်လိုက်သောအခါ တောအုပ်အပြင်ဘက်သို့ ရောက်ရှိလာလေတော့သည်။

ယင်ကျောင်း ခြေလှမ်းရပ်လိုက်သည်။

အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။

အရှေ့ဘက် အဝေးဝေးတွင် မြို့ကလေးတစ်မြို့ရှိနေသည်ကို တွေ့ရလေသည်။

ထိုမြို့ကလေးသည် စည်ကားသိုက်မြိုက်သော မြို့ကလေးတစ်မြို့ဖြစ်ကြောင်း သူ ကောင်းစွာ သိရှိထားပါသည်။

ရှမ်းကုံးချင်းသည် ထိုမြို့မှလာခြင်းဖြစ်ရမည်ဟု ယုံကြည်မိလေသည်။

ထိုမြို့လေးသို့ အရောက်သွားနိုင်လျှင် သူမအား တွေ့ရမည်ဟု မျှော်လင့်ထား၏။

ယင်ကျောင်းက တောအုပ်ကို ကျောခိုင်းကာ ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်လေသည်။



သို့သော်....

လေးငါးလှမ်းမျှလှမ်းသွားပြီးသောအခါ ခြေလှမ်း ရပ်တန့်သွားလေသည်။

သူ၏မျက်နှာတွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များ ဖြစ်ပေါ်လာပြီး....

'ငါသွားလို့ ဖြစ်ပါ့မလား'

ဟု ရေရွတ်လိုက်သည်။

သူ၏နားထဲ၌ စကားသံအချို့ကို ကြားယောင်လာလေသည်။

'သခင်လေး၊ တောအုပ် အပြင်ဘက်ကို ဘယ်တော့မှ မထွက်လေနဲ့'

ယင်ကျောင်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

'ငါ ထွက်သွားလို့မဖြစ်သေးပါဘူး'

ဟု ရေရွတ်ကာ တောအုပ်ထဲသို့ ပြန်ဝင်လိုက်လေသည်။

ရှမ်းကုံးချင်းအား ရှာဖွေလိုသော အာသီသ ပြင်းပြနေသော်လည်း စိတ်အလိုလိုက်၍မဖြစ်ကြောင်း ကောင်းစွာ နားလည် သဘောပေါက်ထားလေသည်။

ယင်ကျောင်းသည် အတန်ကြာ ငြိမ်နေပြီးမှ ဆုံးဖြတ်ချက် တစ်ခုကို ပြတ်သားစွာ ချမှတ်လိုက်လေသည်။

ထို့နောက်....

နောက်ကြောင်းလှည့်ကာ တောအုပ်အတွင်းသို့ ပြန်လည် ဝင်ရောက်သွားလေတော့သည်။

* * *

ယခုရက်ပိုင်းအတွင်း....

ယင်ကျောင်းသည် ဘယ်ကိုမှမသွားဖြစ်တော့ပါ။

အစားအသောက်ကိုလည်း အမှုမထားပါ။

အချိန်ရှိသရွေ့ ကဗျာလင်္ကာများသာ ရေးဖွဲ့နေလိုက်လေ သည်။

တစ်ခါတစ်ရံ တစ်ညလုံးအိပ်ဘဲ ထိုင်နေတတ်သည်။

ထို့ကြောင့်လည်း ရက်ပိုင်းအတွင်းမှာပင် သိသိသာသာ ပိန်ချုံးသွားလေတော့သည်။



ရှမ်းကုံးချောင်းထွက်သွားပြီး ငါးရက်မြောက်သောနေ့တွင် ယင်ကျောင်းသည် ကဗျာရေးဖွဲ့နေရင်း ရင်ထဲ၌ အောင့်သက် သက်ဝေဒနာတစ်ရပ်ကို ခံစားမိလိုက်ရလေသည်။

ထိုဝေဒနာသည် တစ်စထက်တစ်စပြင်းပြလာပြီး....

'ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

ရှမ်းကုံးချောင်း၏ လက်ဝါးချက်ကြောင့် အတွင်းဒဏ်ရာ ရခဲ့ရာ ဆေးတစ်လုံးသောက်ခဲ့ရသော်လည်း အရှိန်းပျောက် ကင်းသွားခြင်း မရှိခဲ့ပေ။

ယင်ကျောင်း အစားမမှန်၊ အအိပ်မမှန် အားနည်းသွားသော အခါ ဝေဒနာထကြွလာခြင်း ဖြစ်ပေတော့သည်။

ယင်ကျောင်းသည် မြေပေါ်လဲကျကာ သတိလစ်မေ့မြော သွားလေတော့သည်။

* * *

'ဂျိမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားသည်။

တိမ်ညိုတိမ်မည်းများလည်း အလိပ်လိုက်အလိပ်လိုက် တက်လာ၏။

လေပြင်းများသည်လည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာလေသည်။

'ဝှီး....ဝှီး....ဝှီး'

'ဝေါ...ဝေါ...ဝေါ'

'ဂျိမ်း....ဂျလိမ်း'

လေးပြင်းတိုက်သံ၊ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ တစ်
နက် ထွက်ပေါ်လာလေသည်။

မိုးသက်လေပြင်းကျရောက်လာတော့သည်။

လမ်းပေါ်တွင် သွားလာလှုပ်ရှားနေကြသူများ မရှိတော
ပါ။

မိုးလွတ်ရာသို့ ပြေးလွှားရှောင်ပုန်းသွားကြပြီး အိမ်တံခါ
များလည်း ပိတ်ကုန်ကြလေသည်။

ရှမ်းကုံးချင်းသည် ပြတင်းပေါက်အနီး၌ရပ်ကာ အပြ
ဘက်သို့ ငေးမောကြည့်နေ၏။

ရေမှုန်ရေမွှားများသည်သူမ၏တစ်ကိုယ်လုံးအေးစက်သွား
စေသည်။

သို့တိုင်....

သူမသည် ကျောက်ရုပ်တစ်ရုပ်ပမာ ရပ်နေခြင်း ဖြစ်ပေ
သည်။

သူမ၏မျက်ဝန်းအစုံတွင် ရသေ့ဝတ်စုံဝတ်ဆင်ထားသ
ယင်ကျင်း၏ပုံရိပ်ထပ်ဟပ်နေသည်။

ယင်ကျင်း....



ယင်ကျင်းသည် မည်သို့သောလူစားမျိုး ဖြစ်ပါသနည်း။

မည်သို့သော အခက်အခဲကြုံတွေ့ခဲ့ရသဖြင့် တောကြီးမျက်
မည်းအတွင်း၌ တစ်ယောက်တည်း လာရောက်နေထိုင်ရခြင်း
ဖြစ်ပါသနည်း။

ရှမ်းကုံးချင်းသည် သူမ၏ လက်ဝါးရိုက်ချက်ကြောင့်
လဲကျသွားပုံကို မြင်ယောင်လာပြန်လေသည်။

သူမ၏ရင်ထဲ ဖော်မပြနိုင်သောဝေဒနာများ ခံစားလာရ
လေသည်။

'ခုလို မိုးသက်လေပြင်းကျနေတဲ့အချိန် ဧတာအုပ်ထဲမှာ
သူဘယ်လိုနေရှာမလဲ'

'သူ့ရဲ့ဒဏ်ရာကော သက်သာသွားပြီလား'

သူမသည် တွေးလေတွေးလေ ယင်ကျင်းအား ပို၍သတိ
ရလာလေလေပင်။

ထိုစဉ်....

'ငါ့မြေးက မိုးရွာတာကို မမြင်ဖူးဘူးထင်တယ်'

နောက်ကျောဘက်မှ စကားသံတစ်ချက်ထွက်ပေါ်လာ
သည်ကို ကြားလိုက်ရလေသည်။

ရှမ်းကုံးချင်း လှည့်ကြည့်လိုက်လေသည်။

ထိုအခါ အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က သူ့မအားပြုံးကြည့်နေသည်ကို တွေ့ရလေသည်။

'ဘိုးဘိုး'

ရှမ်းကုံးချင်းသည် အဘိုးအိုထံသို့ လှမ်းသွားလိုက်လေသည်။

အဘိုးအိုက....

'မိုးဦးလေဦးဆိုတော့ ဒီလိုပဲ၊ သဲကြီးမဲကြီးရွာတတ်တယ်၊ တော်ကြာ ငါ့မြေးကို အအေးပတ်နေဦးမယ်၊ ကဲ....လာ လက်ဖက်ရည်ခံသောက်ရအောင်'

'ကောင်းပါပြီဘိုးဘိုး'

ရှမ်းကုံးချင်းသည် အဘိုးအိုနောက်သို့ လိုက်ပါသွားလေသည်။

သူတို့သည် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိသွားကြသောအခါ စားပွဲတစ်လုံး၌ လက်ဖက်ရည်နှင့်မုန့်များ အသင့်ပြင်ထားပြီး အသက်လေးဆယ်ခန့်ရှိသူတစ်ယောက်နှင့် အမျိုး



သမီးကြီးတစ်ယောက်တို့ ပခုံးချင်းယှဉ်ကာ ရပ်နေကြလေသည်။

သူတို့သည် အဖြူရောင်ဝတ်ထားသောအဘိုးအိုနှင့် ရှမ်းကုံးချင်းတို့ အခန်းတွင်းသို့ဝင်ရောက်လာကြသည်ကိုမြင်လျှင် ဦးညွှတ်အရိုအသေပြုလိုက်ကြလေသည်။

အဘိုးအိုသည် အသိအမှတ်ပြုသည့်သဘောဖြင့် လက်ဝှေ့ယမ်းပြလိုက်ပြီး ထိုင်ခုံတွင်ထိုင်ချလိုက်သည်။

ရှမ်းကုံးချင်းကလည်း မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

သူတို့သည် နံနက်မိုးလင်းလာသည်နှင့် လက်ဖက်ရည်နှင့်မုန့်များ စားသောက်လေ့ရှိသည် မဟုတ်ပါလား။

အဘိုးအိုနှင့်ရှမ်းကုံးချင်းတို့စားသောက်နေချိန်၌ အသက်လေးဆယ်ခန့်ရှိသူ အမျိုးသမီးကြီးတို့သည် နံဘေးမှနေပြီး လိုလေသေးမရှိ ဆောင်ရွက်ပေးကြလေသည်။

အဘိုးအိုမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် ရှမ်းကုံးမိသားစု၏ခေါင်းဆောင် ရှမ်းကုံးသခင်ကြီးဖြစ်လေသည်။

ရှမ်းကုံးသခင်ကြီးတွင် သားသမီးသုံးယောက်ရှိလေသည်။

သားကြီးရှမ်းကုံးအိ၊ သမီးရှမ်းကုံးအေးနှင့် သားထွေးရှမ်းကုံးစန်းတို့ဖြစ်လေသည်။

သားကြီးရှမ်းကုံးအိနှင့် သမီးရှမ်းကုံးအေးတို့မှာ အိမ်ထောင်ပြုခြင်းမရှိကြဘဲ သားထွေးရှမ်းကုံးစန်းသည်သာလျှင် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့လေသည်။

ရှမ်းကုံးစန်းမှ သမီးရှမ်းကုံးချင်းအား မွေးဖွားခဲ့ခြင်းဖြစ်လေသည်။

ရှမ်းကုံးချင်းအား ရှမ်းကုံးတစ်မိသားစုလုံးက ဝိုင်းဝန်းအချစ်ပိုခဲ့ကြပြီး အလိုလိုက်ထားခဲ့ကြလေသည်။

ရှမ်းကုံးသခင်ကြီးသည် အသက်အရွယ်ထောက်လာပြီဖြစ်၍ ကျန်းမာရေးအရ အနားယူရန်အတွက် နွေခေါင်းရာသီသို့ ရောက်လျှင် ခရီးထွက်လေ့ရှိပေသည်။

ယခုနှစ်တွင် ထင်းစန်းတောင်အနီးရှိ ထင်းစန်းမြို့ကလေးမှ မိတ်ဆွေဖြစ်သော သူဌေးကြီးချန်းထံသို့ အလည်အပတ်ထွက်လာကာ အနားယူနေခဲ့ခြင်းဖြစ်လေသည်။

သူဌေးကြီးချန်းသည် ရှမ်းကုံးသခင်ကြီးအတွက် အိမ်ကြီးတစ်ဆောင်နှင့်တကွစားသောက်ဖွယ်ရာများမှအစလိုလေသေးမရှိ စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။



ရှမ်းကုံးသခင်ကြီးသည် ထင်းစန်းမြို့၌ လာရောက်အနားယူနေခဲ့သည်မှာ တစ်လခန့်ရှိနေပြီဖြစ်လေသည်။

ရှမ်းကုံးချင်းသည် ရှမ်းကုံးသခင်ကြီးအားပူဆာ၍ လိုက်ပါလာခဲ့သဖြင့် ထင်းစန်းမြို့သို့ရောက်လာခြင်းလည်း ဖြစ်လေသည်။

ရှမ်းကုံးသခင်ကြီးနှင့် ရှမ်းကုံးချင်းတို့အား အနီးကပ်ပြုစုစောင့်ရှောက်ရန် ရှမ်းကုံးမိသားစုခြံဝင်းမှ အထိန်းတော်ကြီးအိုရန်ကျုံးနှင့် ဇနီးဖြစ်သူမေဟွားတို့လည်း လိုက်ပါလာခဲ့ကြလေသည်။

အိုရန်ကျုံးသည် ဆေးပညာတစ်ဖက်ကမ်းခတ်တတ်မြောက်သားသည့် သမားတော်တစ်ယောက်လည်းဖြစ်ပြီး မေဟွားသည် လက်နက်ပုန်းပညာတွင် ထိပ်တန်းအဆင့်ရှိသူဖြစ်လေသည်။

သူတို့ဇနီးမောင်နှံသည် ရှမ်းကုံးခြံဝင်း၌ အမှုထမ်းနေခဲ့ကြသည်မှာ နှစ်ပေါင်းအတော်ကြာမြင့်နေပြီ ဖြစ်ပါသည်။

ရှမ်းကုံးချင်းသည် သူတို့၏လက်ပေါ်၌ ကြီးပြင်းလာခဲ့သည်ဟုပင် ဆိုနိုင်ပါတော့သည်။

အခြားရှမ်းကုံးမိသားစုများနည်းတူ အိုရန်ကျုံးတို့ဇနီးမောင်နှံသည် ရှမ်းကုံးချင်းအား အလွန်ချစ်ကြလေသည်။

ရှမ်းကုန်းသခင်ကြီးက ထင်းစန်းမြို့တွင်အနားယူရင်း မိတ်ဆွေဖြစ်သော သူဌေးကြီးချန်းနှင့် တွေ့ဆုံနေသောအချိန်မျိုးတွင် အိုရန်ကျုံးသည် ပရဆေးပင်ပေါများသော ထင်းစန်းတောင်သို့သွားကာ ဆေးဘက်ဝင်ပရဆေးပင်များ ရှာဖွေတတ်လေသည်။

ရှမ်းကုန်းချင်းက အိုရန်ကျုံးဆေးရှာသွားရာတွင် လိုက်လိုကြောင်းပူဆာသဖြင့် ခေါ်သွားခဲ့ရာမှ ရှမ်းကုန်းချင်းသည် ထင်းစန်းတောင်သို့ရောက်သွားခဲ့ပြီး ယင်ကျင်းနှင့်တွေ့ဆုံခဲ့ရခြင်းဖြစ်လေသည်။

ရှမ်းကုန်းချင်းက ဖွင့်မပြောဘဲနေခဲ့သဖြင့် သူတို့အကြောင်းကို မည်သူမျှမသိကြသေးချေ။

ရှမ်းကုန်းသခင်ကြီးနှင့် ရှမ်းကုန်းချင်းတို့သည် တိတ်ဆိတ်စွာဖြင့် စားသောက်ပြီးစီးသွားကြလေသည်။

ထိုအခါမှ အိုရန်ကျုံးကဦးညွှတ်လိုက်ပြီး....

'သခင်ကြီးခင်ဗျား၊ သူဌေးကြီးချန်းဟာ မိတ်ဆွေတစ်ယောက်ရဲ့ နာရေးကိစ္စကိုသွားရမှာမို့ သခင်ကြီးလဲ လိုက်နိုင်ရင်လိုက်ခဲ့စေချင်တယ်လို့ မေတ္တာရပ်ခံလာပါတယ်'

ဟု ပြောလေသည်။



ရှမ်းကုန်းသခင်ကြီးက....

'ဘယ်သူ့နာရေးများလဲ'

ဟု မေးလိုက်လေသည်။

အိုရန်ကျုံးက....

'သိုင်းဆရာ 'ကျိုသန်း' ရဲ့နာရေးလို့ပြောပါတယ်'

'ဟင်'

ရှမ်းကုန်းသခင်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'သိုင်းဆရာကြီးကျိုသန်း ဟုတ်လား၊ သူဘယ်လိုဖြစ်ပြီးကွယ်လွန်သွားရတာလဲ'

အံ့သြသောလေသံဖြင့် မေးလေသည်။

အိုရန်ကျုံးက....

'ဆရာကြီးကျိုသန်းဟာ မကျန်းမမာဖြစ်နေတာကြာပြီလို့သိရပါတယ်၊ ဒါပေမယ့် အနားမယူဘဲ သိုင်းလောကအကျိုးဆောင်ရွက်နေခဲ့ပါတယ်။ အလုပ်တွေကို ပင်ပင်ပန်းပန်းလုပ်ကိုင်ဆောင်ရွက်ခဲ့တာကြောင့်'

သူ၏စကားမဆုံးမီ ရှမ်းကုံးသခင်ကြီး လက်ကာပြလိုက်လေသည်။

'ကျုပ်သဘောပေါက်ပြီ၊ ကျွသန်းဟာ ကျုပ်နဲ့ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ပါပဲ၊ သိုင်းလောကအကျိုးကိုလဲ တကယ့်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတစ်ယောက်ပါ၊ သူ မကျန်းမာတာကို ကျုပ်သိတယ်၊ အနားယူဖို့ တိုက်တွန်းတာကို သူလက်မခံဘူးလေ၊ အမှန်တော့ ကျုပ်တို့ဟာ အသက်ကြီးလာကြပြီ၊ အလုပ်တွေကို ပင်ပင်ပန်းပန်းလုပ်ခဲ့ကြတော့ အနားယူသင့်တဲ့အချိန်မှာလဲ အနားယူရမှာပေါ့၊ ဒါမှ ကျန်းမာမယ်၊ အသက်ရှည်နိုင်မယ်၊ သိုင်းလောကအကျိုးကို ဆက်ပြီးဆောင်ရွက်သွားနိုင်မှာပဲ မဟုတ်လား'

အိုရန်ကျုံးက ဦးညွှတ်လိုက်လေသည်။

ရှမ်းကုံးသခင်ကြီးက ဆက်ပြောလိုက်လေသည်။

'ကျုပ်က အနားယူနေတယ်ဆိုတော့ သူဌေးကြီးချန်းက ပြောဖို့အားနာနေတယ်ထင်ပါရဲ့၊ ကဲပါလေ နာဂရေးကိစ္စဆိုတော့ မသွားလို့ ဘယ်ကောင်းမလဲ ကျုပ်လိုက်မယ်ဆိုတာ အသိပေးလိုက်ပါ'

အိုရန်ကျုံးက....

'ကောင်းပါပြီ သခင်ကြီး'



ဤတွင် ရှမ်းကုံးချင်းက ဝင်ပြောလိုက်လေသည်။

'ဘိုးဘိုး....နာဂရေးကိစ္စဆိုတော့ ကျွန်မ မလိုက်ချင်ဘူး'

သူမသည် ကိုယ့်အကြောင်းနှင့်ကိုယ် မလိုက်လိုကြောင်း ပြောလိုက်ခြင်း ဖြစ်လေသည်။

ညည်းသို့ဆိုစေ....

အကျိုးအကြောင်း သိလျှော်နေသဖြင့် ရှမ်းကုံး သခင်ကြီးက သဘောတူလိုက်လေသည်။

'ဟုတ်သားပဲ၊ ငါ့မြေးလိုက်လို့ဘယ်ဖြစ်ပါ့မလဲ၊ ဒီမှာပဲ နေခဲ့ပေါ့'

ရှမ်းကုံးချင်း ဝမ်းသာသွားလေတော့သည်။

ရှမ်းကုံးသခင်ကြီးက အိုရန်ကျုံးကိုကြည့်လိုက်ပြီး....

'မင်းက သူ့ကိုဂရုစိုက်ပါ'

ဟု မှာကြားလိုက်လေသည်။

အိုရန်ကျုံးက ဦးညွှတ်လိုက်သည်။

'စိတ်ချပါသခင်ကြီး'

ရှမ်းကုန်းသခင်ကြီးက....

'ဒါဆက် မင်းက ပရဆေးရှာဖွေတယ်ဆိုတာရော အဆင်ပြေရဲ့လား'

ဟု မေးလေသည်။

အိုရန်ကျုံး၏ မျက်နှာ တည်ကြည် လေးနက်သွားလေသည်။

'အဆင်ပြေပါတယ်သခင်ကြီး၊ ထင်းစန်းတောင်ခြေမှာ ထူးခြားတဲ့ ပရဆေးပင်တစ်မျိုးကို တွေ့ခဲ့ရပါတယ်'

'ပြောစမ်းပါဦး'

'ကျုပ်တို့ ရှမ်းကုန်းမိသားစု ခြံဝင်းက လက်ရှိအသုံးပြုနေတဲ့ ဆေးဝါးတွေထဲမှာ အတွင်းဒဏ်ရာရရင် အမြန်ဆုံး သက်သာပျောက်ကင်းစေဖို့ အနီရောင်အသက်ကယ်ဆေးဟာ အကောင်းဆုံး ဖြစ်ပါတယ်'

ရှမ်းကုန်းချင်း စိတ်ဝင်စားသွားလေသည်။

သူမ၏ လက်ဝါး ရိုက်ချက်ကြောင့် ဒဏ်ရာရသွားသည့် ယင်ကျွင်းအား အနီရောင် အသက်ကယ်ဆေးလုံးပင် တိုက်ကျွေးခဲ့သည်မဟုတ်ပါလား။



အိုရန်ကျုံးက ဆက်ပြောလေသည်။

'အနီရောင် အသက်ကယ်ဆေးဟာ အစွမ်းထက်ပေမယ့် ဆေးသုံးလုံးပြည့်အောင် တစ်နေ့တစ်လုံး မှန်မှန်သောက်ရပါတယ်၊ ဒီလိုမှမသောက်ဘူး၊ ဆေးသောက် ပျက်ကွက်ခဲ့မယ်၊ ဒါမှမဟုတ် သုံးလုံးပြည့်အောင်မသောက်ရဘဲ တစ်လုံး တစ်လေသာ သောက်ရမယ်ဆိုရင် ဆေးရဲ့အကျိုးအာနိသင် မပြတဲ့အပြင် ဆေးရဲ့စွမ်းအားဟာ ဝေဒနာကိုတောင် ပိုပြီးတွန်းအားပေးသလို ဖြစ်သွားနိုင်ပါတယ်၊ ဆေးတန်ပြန်မှု ရှိပါတယ်သခင်ကြီး'

ရှမ်းကုန်းသခင်ကြီး ပြုံးလိုက်သည်။

'မင်းက ဆေးပညာမှာ ကျုပ်ထက်ပိုပြီး ကျွမ်းကျင်ပါတယ်လေ၊ မင်း ဘာကိုဆိုလိုတယ်ဆိုတာသာပြောပါ'

အိုရန်ကျုံးက....

'ကျုပ်ဟာ ထင်းစန်းတောင်တစ်ဝိုက်မှာ ပရဆေးရှာရင်း ထူးခြားတဲ့ ပရဆေးပင်တစ်မျိုးကိုတွေ့ခဲ့ရပါတယ်၊ အဲဒီ ပရဆေးပင်ကိုအသုံးပြုလိုက်မယ်ဆိုရင် ဆေးတန်ပြန်မှုလည်း မရှိတဲ့ အနီရောင် ဆေးထက်လဲ ပိုပြီးအစွမ်းထက်တဲ့ အသက်ကယ်ဆေးကို ရနိုင်ပါတယ်၊ သုံးလေးလုံးသောက်နေစရာလဲ မလိုတော့ပါဘူး၊ ဆေးတစ်လုံးသောက်လိုက်တာနဲ့ ဝေဒနာကို ယူပစ်သလို သက်သာ ပျောက်ကင်းသွားစေနိုင်ပါလိမ့်မယ်'

ရှမ်းကုန်းသခင်ကြီးက....

'ကောင်းသားပဲ၊ ဆက်ပြီးဖော်စပ်နိုင်အောင် ကြိုးစားပါ၊ အဲ တင်ခုံတော့ရှိတယ်၊ အခု မိုးကျလာတော့မယ်၊ ထင်းစန်းတောင်ခြေ ဒေသတစ်ဝိုက်ဟာ မိုးများတယ်၊ ဒါကြောင့် ကျုပ် ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ အမြန်ဆုံး ရှမ်းကုန်းခြံဝင်းကိုပြန်ဖို့ ဆုံးဖြတ်ထားတယ်'

အိုရန်ကျုံးက....

'စိတ်ချပါ သခင်ကြီး၊ ကျုပ်က အတော်များများစု ဆောင်းထားပြီးပါပြီ၊ ဆေးအချို့လဲ ဖော်စပ်ထားပြီးပါပြီ'

'ကောင်းတယ်၊ ကျုပ် နာဧရးကိစ္စက ပြန်လာပြီးတာနဲ့ တစ်ရက်နှစ်ရက်နားပြီး အိမ်ပြန်ကြမယ်'

စကားဆုံးလျှင် ရှမ်းကုန်းသခင်ကြီး ထိုင်ရာမှ ထလိုက်လေသည်။

'သူဌေးကြီးချန်းနဲ့ သွားတွေ့လိုက်ရအောင်'

ဟု ပြောလိုက်သည်။

ရှမ်းကုန်းချင်းက....



'ဘိုးဘိုး သမီးညကအိပ်ရေးမဝဘူး၊ ဒါကြောင့် အခန်းထဲပြန်ပြီး တစ်ရေးအိပ်လိုက်ဦးမယ်'

ဟု ပြောလိုက်လေသည်။

ရှမ်းကုန်းသခင်ကြီး ပြုံးလိုက်သည်။

ရှမ်းကုန်းချင်း၏ဦးခေါင်းကို တစ်ချက်ပုတ်လိုက်ပြီး...

'အပျင်းမလေး'

ဟု ပြောလိုက်သည်။

ထို့နောက်...

အိုရန်ကျုံးနှင့် ခေဟွားတို့ 'ဇနီးမောင်နှံကို ခေါ်ဆောင်ကာ ထွက်ခွာသွားလေတော့သည်။

* * *

မိုးတိတ်သွားပြီ ဖြစ်သည်။

မိုးရွာချလိုက်သဖြင့် ထင်းစန်းတောင်ခြေမှ တောအုပ်ကြီးများ ပို၍ စိမ်းလန်းလာလေသည်။

ရှမ်းကုံးချင်းသည် တောအုပ်သို့ ရောက်သာပြီ ဖြစ်လေသည်။

သူမသည် ရဲသေ့လေး (ဝါ) ယင်ကျင်းထံသို့လာခဲ့ခြင်း ဖြစ်သည်။

သူမသည် ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလွှားလာခဲ့ရာ များမကြာမီ ယင်ကျင်း၏ ဝါးအိမ်ကလေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေတော့သည်။

ဝါးအိမ်ကလေးသည် ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေ၏။

ရှမ်းကုန်းချင်းသည် ဝါးအိမ်ကလေးကို ကြည့်ပြီး လွမ်းသွားနှင့် မငိုမရဲ ဖြစ်နေလေသည်။

သို့သော်....

'အနီရောင်ဆေးကို သူ တစ်လုံးတည်း သောက်ခဲ့ရတယ်ဆိုတော့ ဒုက္ခရောက်မှာစိုးရတယ်၊ မဖြစ်သေးပါဘူး'

သူမသည် ဝါးအိမ်ကလေးဆီသို့ လှမ်းသွားလိုက်လေသည်။

အိမ်ရှေ့သို့ရောက်သွားလျှင်...

'ရှသာ့လေး၊ ရှင်ဘယ်မှာလဲ'

ဟု ခေါ်လိုက်လေသည်။

ယင်ကျင်း၏ တုံ့ပြန်စကားသံ ထွက်ပေါ်လာသည် မကြားရပါချေ။

ရှမ်းကုန်းချင်းက...

'သူက ငါးသွားဖမ်းနေတာများလား'

သူမသည် ယင်ကျင်းပြန်လာနေကျလမ်းဆီသို့ မျှော်ကြည့်လိုက်လေသည်။



ယင်ကျင်း၏အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

'သူက ငါ့ကို စိတ်နာပြီးထွက်သွားပြီလား'

သူမ၏ရင်ထဲ မဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ယင်ကျင်း တစ်စုံတစ်ခုဖြစ်သွားလျှင်ဆိုသော အတွေးဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်လာလေသည်။

သူမသည် အိမ်ထဲသို့ ခပ်သွက်သွက်လှမ်းဝင်လိုက်လေသည်။

အိမ်ထဲသို့ရောက်လျှင်. တစ်အိမ်လုံးရှုပ်ပွနေသည်ကို တွေ့ရ၏။

အိမ်ထဲ၌ ဝါးခြမ်းပြားများက ပြန့်ကြဲနေခြင်းဖြစ်သည်။

ရှမ်းကုန်းချင်းသည် ဝါးခြမ်းတစ်ခုကိုကောက်ယူကာ ဝါးခြမ်းပေါ်၌ ရေးထားသည့်ကဗျာများကို ဖတ်ကြည့်လိုက်လေသည်။

ထိုကဗျာမှာ နတ်သမီးလေးတစ်ပါးအား အလွန်လွမ်းဆွတ်မိသည့်အကြောင်း ရေးသားထားခြင်းဖြစ်နေသည်။

ထို့အပြင်....

အဖော်မဲ့ အထီးကျန်ဘဝတွင် နေထိုင်ခဲ့ရသဖြင့် နတ်မိမယ်လေးအား များစွာတမ်းတမိကြောင်း။

သူ၏ဘဝတွင် ပျော်ရွှင်ချမ်းမြေ့မှုကို နတ်မိမယ်လေးနှင့်တွေ့မှ ပထမဆုံးအကြိမ်ရရှိခဲ့ကြောင်း။

သို့သော် နတ်မိမယ်လေးနှင့် သူ၏ဘဝမှာ မိုးနှင့်မြေပမာ ကွာခြားလှကြောင်း။

သူ၏ဘဝသည် မိုးပေါ်မှလဝန်းအား လိုချင်မက်မောမိသည့် ကလေးငယ်တစ်ယောက်နှင့် တူနေကြောင်း။

စသည်စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရလေသည်။

ရှမ်းကုံးချင်း၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝိုင်းလာလေသည်။

'ငါ... ငါ....သူ့အပေါ် ရက်စက်သလိုဖြစ်နေပြီ'

ဟု ညည်းတွားလိုက်လေသည်။

ထိုစဉ်....

'အင်း....အင်း'



အိပ်ခန်းအတွင်းမှ ညည်းတွားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်း'

ရှမ်းကုံးချင်း ရင်ထိတ်သွားသည်။

အိပ်ခန်းအတွင်းသို့ ကပျာကယာလှမ်းဝင်လိုက်လေသည်။

အခန်းတွင်းသို့ ရောက်သွားသည်နှင့် ဝါးကွပ်ပျစ်ပေါ်၌ ခွေခွေလေးလဲကာညည်းတွားနေသောယင်ကျင်းအား တွေ့မြင်လိုက်ရလေတော့သည်။

* * *

ယင်ကျင်း။

ယင်ကျင်းသည် ခွေခွေလေးလဲ့ကာ ညည်းတွားနေလေသည်။

ရှမ်းကုံးချင်း ရင်ထိတ်သွားလေသည်။

'လက်စသတ်တော့ သူဟာ ဝေဒနာခံစားနေရတာကိုး၊ ဒုက္ခပါပဲ'

ညည်းတွားရင်း အနီးသို့ချဉ်းကပ်သွားလိုက်လေသည်။

ယင်ကျော်းမှာ တစ်ကိုယ်လုံးခြစ်ခြစ်တောက် ပူလောင်နေပါသည်။

အပြင်းဖျားတာ သတိမရတော့ပါ။

ခြေလက်များလည်း ပျော့ခွေနေသည်။

ရှမ်းကုံးချင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

'ဒါ ငါ့ကြောင့်ဖြစ်ရတာ'

သူမသည် ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်လေသည်။

ယင်ကျော်းအား အချိန်မီ ဆေးကုပေးမှဖြစ်တော့မည်ဟု နားလည်လိုက်လေသည်။

သူမသည် အိရန်ကျူးနှင့် အနီးကပ်နေခဲ့ရသဖြင့် ဆေးပညာကို အတော်အသင့် နားလည်ထားလေသည်။

ချက်ချင်းပင် အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေးတစ်လုံး နှိုက်ယူလိုက်လေသည်။



ဆေးပုလင်းလေးထဲ၌ ရွှေရောင်ဆေးလုံးလေးတစ်လုံးသာ ရှိလေသည်။

ရှမ်းကုံးချင်းက ရွှေရောင်ဆေးလုံးလေးကို ထုတ်ယူကာ ယင်ကျော်းအား တိုက်ကျွေးလိုက်လေသည်။

ထို့နောက် ယင်ကျော်း၏သွေးကြောများကို နှိပ်နယ်ပေးလိုက်လေသည်။

သူမသည် အပျိုဝင်မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် ရှမ်းကုံးခြံဝင်းမှ သခင်မလေးတစ်ယောက်ဖြစ်သည်။

ယခု....

သူစိမ်းတစ်ယောက်ဖြစ်သော ယင်ကျော်းနှင့် လက်ပွန်းတတီးနေထိုင်လျက်ရှိသည်မှာ မည်သည့်နည်းနှင့်မျှ သင့်လျော်သည်မဟုတ်ပါချေ။

တောထဲတောင်ထဲ နှစ်ယောက်တည်းသာ ရှိနေသည့်အဖြစ်မျိုးပင်။

သို့သော်....

ရှမ်းကုံးချင်းသည် ယင်ကျော်းနေကောင်းစေလိုသည်မှလွဲပြီး အခြားဘာကိုမျှ သတိမရတော့ဘဲ ပြုစုပေးနေပါလေတော့သည်။

ထို့အပြင်....

ယင်ကျင်းအား တိုက်ကျွေးလိုက်သည့် ရွှေရောင်ဆေးလုံးလေးသည် သူမအတွက် အလွန်အဖိုးထိုက်တန်သော ဆေးလုံးလေး ဖြစ်နေပါသည်။

သူမအတွက် အသုံးပြုဖို့ ချန်မထားတဲ့ ယင်ကျင်းကိုဦးစားပေး တိုက်ကျွေးလိုက်သည်မှာ....

သူမသည် ထိုဆေးလုံးလေးအား အိုရန်ကျုံးထံမှ ရယူလာခဲ့ခြင်းဖြစ်သည်။

* * *

ရှမ်းကုံးသခင်ကြီးသည် သိုင်းဆရာကြီးကျိုသန်း၏အသုဘအခမ်းအနားသို့ တက်ရောက်ဖို့ သူဌေးကြီးချန်းနှင့်အတူထွက်သွားပြီ ဖြစ်လေသည်။

ရှမ်းကုံးသခင်ကြီး ထွက်သွားသည်နှင့် မေဟွားသည် လက်နက်ပုန်းပစ်ပညာလေ့ကျင့်ကာ အိုရန်ကျုံးက ဆေးကျိုချက်ဖို့ စိုင်းပြင်းကြတော့သည်။



ရှမ်းကုံးချင်းသည် အခွင့်အရေးကို လက်မလွှတ်မခံတဲ့ အိုရန်ကျုံးနှင့် သွားတွေ့လိုက်လေသည်။

'ဦးလေးအိုရန် ထင်းစန်းတောင်ကိုမှသွားတော့တူးလား'

အိုရန်ကျုံး ခေါင်းခါယမ်းလိုက်လေသည်။

'သွားစရာမလိုတော့ဘူး သခင်မလေး၊ လိုအပ်တဲ့ပရဆေးပင်တွေ လုံလုံလောက်လောက်ရထားပြီးပြီ၊ ကျုပ်ကဆေးကျိုချက်နေတာတောင် ခရီးတစ်ဝက်လောက် ရောက်နေပြီ'

ရှမ်းကုံးချင်းက....

'ဒီတစ်ခါ ဦးလေးဖော်စပ်တဲ့ဆေးဝါးဟာ အတွင်းဒဏ်နဲ့ ပတ်သက်လာရင် အကောင်းဆုံးဆေးဝါးပေါ့နော်'

အိုရန်ကျုံး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ် သခင်မလေး၊ ကျုပ်ရဲ့ဘဝတစ်လျှောက် ဖော်စပ်ခဲ့တဲ့ ဆေးဝါးတွေထဲမှာ အကောင်းဆုံးနဲ့ အစွမ်းအထက်ဆုံးလို့ ဆိုနိုင်ပါတယ်'

ရှမ်းကုံးချင်းက....

'ဦးလေးက ခုမှဖော်စပ်ရတာဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါပေမယ့် နမူနာဖော်စပ်ထားတဲ့ဆေး လုံးတစ်လုံးတော့ရှိတယ်၊ ကျုပ်က နောက်ထပ်တွေ့ရတဲ့ပရ ဆေးပင်တစ်မျိုးကို မူလဖော်စပ်ပြီးသားဖြစ်တဲ့အနီရောင်ဆေး လုံးနဲ့ ပေါင်းစပ်ပြီး ရွှေရောင်ဆေးတစ်လုံး ဖော်စပ်နိုင်ခဲ့တာ ပါ'

ရှမ်းကုံးချင်းက...

'ဒါထက် အနီရောင်ဆေးက သုံးလုံးသောက်ရမှာကို ပြည့် စုံအောင်မသောက်ရဘဲ တစ်လုံးတည်း သောက်ရမယ်ဆိုရင် အန္တရာယ်ဖြစ်နိုင်တယ်ဟုတ်လား'

အိုရန်ကျုံး၏မျက်နှာတည်ကြည်လေးနက်သွားလေသည်။

'ဟုတ်တယ် သခင်မလေး၊ သိုင်းသမားတွေအဖို့ အတွင်း ဒဏ်ရာရတာဟာ အဆိုးရွားဆုံးဝေဒနာတစ်ရပ်ပဲ၊ ဒါကြောင့် အတွင်းဒဏ်ရာရလာရင် အမြန်ဆုံးသက်သာပျောက်ကင်းနိုင် မယ့် နည်းလမ်းတွေရှာကြံကြတယ်၊ ကြပ်ကြပ်မတ်မတ် ဂရု စိုက်ပြီး ကုသကြလေ့ရှိတယ်၊ ကျုပ်ဖော်စပ်ထားတဲ့ အနီရောင် ဆေးလုံးလေးဟာ အစွမ်းထက်ပါတယ်၊ တစ်နေ့တစ်လုံး နှုန်းနဲ့ သုံးရက်သုံးလုံးသောက်လိုက်မယ်ဆိုရင် ဝေဒနာသက် သာပျောက်ကင်းသွားမှာပါ၊ ဒါပေမယ့် ဂရုမစိုက်ဘူး၊ ဆေး သောက်မမှန်ဘူးဆိုရင် ဒုက္ခတွေ့နိုင်တယ်၊ အကြောင်းအမျိုး



မျိုးကြောင့် ဒုက္ခမဖြစ်ရလေအောင် ကျုပ်ကရွှေရောင်ဆေးကို ဖော်စပ်ဖို့ ကြိုးစားနေရတာပါ'

ရှမ်းကုံးချင်က....

'ဒါဆို ကောင်းတာပေါ့နော်၊ သုံးလုံးသောက်စရာမလို တော့ဘူး၊ တစ်လုံးသောက်လိုက်တာနဲ့တင် ကိစ္စပြီးတယ်၊ ဦးလေးရဲ့ရွှေရောင်ဆေးလုံးလေးကို ကျွန်မလိုချင်လိုက်တာ'

အိုရန်ကျုံးက...

'သည်းခံပါသခင်မလေး၊ ကျုပ်က သခင်ကြီးအတွက် ရည်ရွယ်ထားလို့ပါ'

ရှမ်းကုံးချင်း နှုတ်ခမ်းစူလိုက်လေသည်။

'အို... ဘိုးဘိုးဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားကြီးပဲ၊ သူ့ကို ဘယ်သူက ယှဉ်နိုင်မှာမို့လဲ၊ အတွင်းဒဏ်ရာရစရာ အကြောင်းမရှိပါဘူး၊ ဆောင်ထားစရာလဲ မလိုပါဘူး'

'မဟုတ်သေးဘူး သခင်မလေး၊ ကျုပ်က....'

ရှမ်းကုံးချင်းသည် အိုရန်ကျုံးရှင်းပြနေသည်ကိုပင် ဆုံး အောင်နားမထောင်ဘဲ ကြမ်းပြင်ပေါ် ခြေဆောင့်ကာ....

'ကျွန်မကိုမပေးချင်လို့ ပြောနေတာမဟုတ်လား'

ဟု အပြစ်တင်လိုက်လေသည်။

တစ်ဖန်....

'တော်ပြီ၊ ဦးလေးနဲ့မှခေါ်တော့ဘူး'

ဟု ပြောကာ ချာခနဲလှည့်ထွက်လိုက်လေသည်။

အိုရန်ကျုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အို...သခင်မလေးရယ်၊ ဒီလိုမထင်ပါနဲ့ဗျာ'

ကပျာကယာ တားမြစ်လိုက်ပြီး....

'ကောင်းပြီလေ၊ သခင်ကြီးအတွက် အရေးတကြီးလိုအပ်တာမှမဟုတ်ဘဲ၊ သခင်မလေးကို ပေးလိုက်ပါ့မယ်'

ပြောပြောဆိုဆို လုံခြုံစွာသိမ်းဆည်းထားသော ရွှေရောင်ဆေးလုံးလေးတစ်လုံးအား ထုတ်ပေးလေသည်။

ရှမ်းကုံးချင်းက ဝမ်းသာသွားလေတော့သည်။

'ဦးလေးအိုရန်ဟာ အတော့်ကို ချစ်စရာကောင်းတာပဲ'

ဆေးလုံးလေးကိုယူရင်းပြောလိုက်သောအခါ အိုရန်ကျုံးက တဟားဟား ရယ်မောလိုက်လေသည်။



သူမသည် အိုရန်ကျုံးထံမှ ဆေးလုံးကလေးကို ယူတာတည်းက ယင်းကျင်းအတွက် ရည်ရွယ်ကာ ရယူခဲ့ခြင်းဖြစ်လေတော့သည်။

အိုရန်ကျုံးက....

'သခင်မလေးက ဆေးလုံးလေးကို ယူထားမယ် ဆိုရင် ကျုပ် တစ်ခုတော့သတိပေးချင်တယ်'

ရှမ်းကုံးချင်း ခေါင်းညိတ်လိုက်သည်။

'ပြောပါ ဦးလေး'

အိုရန်ကျုံးက....

'ရွှေရောင်ဆေးဟာ အင်မတန်စွမ်းတယ်၊ အတွင်းဒဏ်နဲ့ တခြား ရောဂါဝေဒနာတွေကို ပျောက်ကင်းစေတဲ့ အပြင် အတွင်းအားကိုပါ တိုးပွားစေတယ်'

'ဒါဆို ကောင်းတာပေါ့'

'ကောင်းတာတော့ဟုတ်ပါတယ်၊ ဒါပေမယ့် အာနိသင်ပြင်းလွန်းတော့ အသုံးပြုတဲ့နေရာမှာ အတော့်ကို သတိထားရလိမ့်မယ်'

ရှမ်းကုံးချင်း မျက်မှောင်ကြုတ်သွားလေသည်။

'ဘယ်လို သတိထားရမလဲ ဆိုတာ ပြောပြဦးမှပေါ့ ဦးလေးရဲ့'

အိုရန်ကျုံးက....

'အဓိကသတိထားရမှာကတော့ အသက်အန္တရာယ်ထိခိုက်စေနိုင်လောက်တဲ့ အတွင်းဒဏ်ရာ ရထားတာမျိုး မဟုတ်ဘဲ ဆေးမသောက်မိဖို့ အရေးကြီးပါတယ်'

ရှမ်းကုံးချင်းက....

'သောက်မိရင်ကော ဘယ်လိုဖြစ်သလဲ ဦးလေးအိုရန်'

'ဒါဆိုရင်တော့ ဆေးကြောင့်ဖြစ်ပေါ်လာတဲ့ အတွင်းအားကို ထိန်းသိမ်းဖို့ ခက်ခဲလိမ့်မယ်၊ ခုလောလောဆယ်တော့ ဒီလောက်ပဲပြောနိုင်သေးတယ်၊ လက်တွေ့ စမ်းသပ်ကြည့်ပြီးမှ ဘယ်လိုအကျိုးဆက်တွေ ဖြစ်ပေါ်လာမယ်ဆိုတာ ပြောနိုင်လိမ့်မယ်'

ရှမ်းကုံးချင်းက....

'ဘာပဲဖြစ်ဖြစ် အတွင်းဒဏ် ရထားတဲ့လူအတွက် ဒီဆေးဟာ အကောင်းဆုံးပဲမဟုတ်လား'

'ဒါအမှန်ပါပဲ သခင်မလေး'



'ကောင်းပြီ၊ ကျွန်မ ယူသွားတော့မယ်'

ရှမ်းကုံးချင်းသည် ရွှေရောင်ဆေးလုံးလေးရပြီမို့ စကားစ ဖြတ်ကာ ထွက်လာခဲ့လေတော့သည်။

* * *

ယခု....

ရှမ်းကုံးချင်းသည် ယင်ကျင်းအား ရွှေရောင် ဆေးလုံးလေး တိုက်ကျွေးလိုက်လေသည်။

ယင်ကျင်းမှာ အပြင်းဖျားနေပါသည်။

တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်ကာ အသားအရည် မြူဖပ်မြူရော်ဖြစ်နေသည်။

ရှမ်းကုံးချင်းက ချွေးကြောများကို နှိပ်နယ်ပေးလိုက်လေသည်။

ယင်ကျင်းသည် ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်သဘောလည်း ရှိနေလေသည်။

ကယောင်ကတမ်းဖြင့် ညည်းတွားနေလေသည်။

'အင်း....အင်း'

'နတ်မိမယ်လေးရယ်၊ ကျုပ်ကို မထားခဲ့ပါနဲ့'

ရှမ်းကုန်းချင်း ရှက်သွားလေသည်။

သူမ၏မျက်နှာလေး နီရဲသွားသည်။

ကပျာကယာလက်ကို ရုပ်သိမ်းလိုက်လေသည်။

ယင်ကျောင်းက ယောင်ယမ်းနေသည်ကိုတွေ့ရမှ သက်ပြင်းချ လိုက်မိလေသည်။

သူမ၏ရင်ထဲ တသိမ့်သိမ့်ခုန်နေသည်။

ယင်ကျောင်းသည် သူမအား တစ်ချိန်လုံး တမ်းတနေသည် မဟုတ်ပါလား။

သူမကလည်း ယင်ကျောင်းကို သံယောဇဉ် ဖြစ်မိနေပြီ တည်း။

သူတို့နှစ်ယောက်၏အဖြစ်သည် ရှေးရေစက်ဟုပင် ဆိုနိုင် ပါတော့သည်။



ယင်ကျောင်း၏ ကယောင်ကတမ်းအသံများ ထွက်ပေါ်လာ ပြန်ပါသည်။

'မေမေ၊ ဖေဖေ'

'ကျွန်တော့်ကိုကယ်ပါဦး၊ သူတို့သတ်ကြတော့မယ်'

ယခုတစ်ကြိမ်....

ရှမ်းကုန်းချင်း ရင်ထိတ်သွားလေသည်။

'ဟင်....သူ့ဘာတွေ ယောင်ယမ်းနေတာပါလိမ့်'

ယင်ကျောင်းသည် တောအုပ်ထဲ၌ တစ်ယောက်တည်း လာ ရောက်နေထိုင်သည်မှာ လျှို့ဝှက်သော အကြောင်းတစ်ခုခုဖြစ် ကြောင်း သူမသဘောပေါက်ထားလေသည်။

'သူဟာ အန္တရာယ်တစ်တစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရပုံရှိတယ်၊ ဒါ ကြောင့် လူသူမနီးတဲ့ တောတောင်ထဲမှာ လာပြီး ပုန်းရှောင် နေတာဖြစ်ရမယ်'

ယင်ကျောင်း၏ဘဝကို သိလိုလာသည်။

သူမ တတ်နိုင်သလောက်ကူညီလို၍ဖြစ်လေသည်။

ထို့စဉ်—

'အား'

ယင်ကျော်းသည် စူးရှစွာအော်ဟစ်ကာ လူးလိမ့်ထလာလေတော့သည်။

* * *

ယင်ကျော်း။

ယခု ယင်ကျော်းသည် ရသော အဝတ်အစားများကိုချွတ်ကာ ဖျင်ကြမ်းအင်္ကျီတစ်ထည် ဝတ်ဆင်ထားသည်ကို တွေ့ရလေသည်။

သူ့မျက်လုံးများ နီရဲနေသည်။

ရှမ်းကုံးချင်းအား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

ရှမ်းကုံးချင်း ရင်ထိတ်သွားလေသည်။

'ယင်ကျော်း၊ ရှင်... ရှင် နေမကောင်းဘူးလေ'



ဟု ပြောလိုက်သည်။

ယင်ကျော်းသည် ကြောင်စီစီဖြစ်နေသည်။

ရှမ်းကုံးချင်းက...

'ကျွန်မရဲ့လက်ချက်ကြောင့် ရှင် အတွင်းဒဏ်ရာရသွားတာကို စိတ်မကောင်းပါဘူးရှင်'

ဟု တောင်းပန်လိုက်လေသည်။

ယင်ကျော်းက ဘာမှမပြောပါ။

ရှမ်းကုံးချင်းက ပြုံးပြလိုက်ပြီး...

'ရှင် ဘာမှမပူပါနဲ့တော့၊ ကျွန်မက အစွမ်းထက်တဲ့ ရွှေဆောင်ဆေးတစ်လုံး ရှင့်ကိုတိုက်ခဲ့ပြီးပြီ၊ မကြာခင် ရှင် နေကောင်းသွားတော့မှာပါ'

ရုတ်တရက်...

ယင်ကျော်း နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာသည်။

'နတ်မိမယ်လေး'

ဟု ခေါ်လိုက်လေသည်။

ရှမ်းကုန်းချင်းက....

'ဟုတ်တယ်၊ ကျွန်မဟာ ရှင့်ရဲ့နတ်မိမယ်လေးလေ'

ယင်ကျင်းက....

'နတ်မိမ့ယ်လေး ပြန်လာတယ်၊ ဝမ်းသာလိုက်တာ၊ နောက်တစ်ခါ ထွက်ပြေးမသွားပါနဲ့တော့၊ ကျုပ်ကို ခွဲမသွားပါနဲ့တော့'

တတွတ်တွတ်ပြောရင်း ရှမ်းကုန်းချင်းအား သိမ်းကြုံးပွေ့ဖက်လိုက်လေသည်။

'အမေ့'

ရှမ်းကုန်းချင်း လွတ်ခနဲအော်လိုက်လေသည်။

သူမ၏ခန္ဓာကိုယ်လေးမှာ ယင်ကျင်း၏ သန်မာလှသော လက်နှစ်ဖက်ကြား၌ စွေ့ခနဲပါသွားပြီး ယင်ကျင်း၏ရင်ခွင်ထဲ ရောက်ရှိသွားလေတော့သည်။

* * *

## ဓါးသီးသောအတိတ်

---

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ကျေးငှက်သာရကာလေးများ၏ ဘာသာဘာဝတေးသီကြေးသံများလည်း ထွက်ပေါ်နေ၏။

ထန်းသစ်စ နံနက်ခင်းနေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ဝါးအိမ်တလေးသည် အေးချမ်းတိတ်ဆိတ်နေ၏။

ဝါးအိမ်ကလေး၏အနောက်ဘက်မှ မီးခိုးများထွက်ပေါ်နေသည်။

စားသောက်ဖွယ်ရာများ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်ပေါ်လာသော မွှေးကြိုင်သည့်ဟင်းနံ့များ ဖုံးလွှမ်းနေသည်။

ယင်ကျော်က ဝါးကွပ်ပျစ်ပေါ်၌ လဲလျောင်းနေလေသည်။

သူ၏မျက်လုံးအစုံသည် ခေါင်မိုးမှထိုးကျလာသော နေရောင်ခြည်အလင်းတန်းကို ငေးကြည့်နေ၏။

ထိုစဉ်....

ခြေသံများထွက်ပေါ်လာကာ ရှမ်းကုန်းချင်းက အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

သူမသည် လင်ဗန်းတစ်ချပ်ကိုင်ဆောင်လာသည်။

လင်ဗန်းထဲ၌ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်နှင့် အသားပြုတ်ကြော်များ ပါလာလေသည်။

ရှမ်းကုန်းချင်းသည် ယင်ကျော်နိုးနေပြီကိုမြင်လျှင်....

'အစ်ကို အားရှိအောင် ပူပူလေးစားလိုက်ဦး'

ဟု ပြောလိုက်လေသည်။

ယင်ကျော် လူးလိမ့်ထလိုက်လေသည်။

ချက်ချင်းပင် ရှမ်းကုန်းချင်း၏ရှေ့တွင် ဒူးထောက်ချလိုက်သည်။



ရှမ်းကုန်းချင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'အစ်ကို၊ ဒါဘာလုပ်တာလဲ'

အထိတ်တလန့်ပြောလိုက်၏။

ယင်ကျော်က....

'ညီမ၊ ကျုပ်ကို ကြိုက်တဲ့အပြစ်ပေးပါ၊ ကျုပ် ရဲရဲကြီး ခံယူပါ့မယ်'

ဟု ပြောလိုက်လေသည်။

ရှမ်းကုန်းချင်းက....

'အစ်ကို ဘာတွေပြောနေတာလဲ၊ ကျွန်မက ဘာကြောင့် အပြစ်ပေးရမှာလဲ'

ယင်ကျော်က....

'ညီမ....ကျုပ်....ကျုပ်'

'အစ်ကို ဘာဖြစ်လို့လဲ'

'ကျုပ်ဟာ ညီမအပေါ်မှာ အမှားကြီးတစ်ခုကျူးလွန်မိခဲ့ပြီဆိုတာ ကျုပ်ရိပ်မိပါတယ်၊ ကျုပ်ကို တစ်ခါတည်းသာ သတ်ပစ်လိုက်ပါတော့ ညီမရယ်'

ယင်ကျောင်းသည် ယူကြုံးမရနိုင်စွာပြောရင်း ခေါင်းငုံ့ထားလိုက်လေသည်။

ရှမ်းကုံးချင်း ငိုင်သွားလေသည်။

သူမသည် မနေ့ကတည်းက ဝါးအိမ်ကလေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ယနေ့နံနက်မိုးလင်းသည်အထိ သူမရှိနေသည်။

ယင်ကျောင်းအား ပြုစုနေသည်။

သူမသည်....

ရှမ်းကုံးချင်း၏မျက်ဝန်းအစုံ၌ မျက်ရည်များစို့စွတ်လာလေသည်။

သူမသည် လင်ဗန်းကိုကိုင်ကာ မလှုပ်မယှက်ဖြစ်နေ၏။

ယင်ကျောင်းက....

'စိတ်ချပါညီမရယ်၊ ကျုပ်ရဲ့အဖြစ်ကို ကျုပ်ခံယူရပါတယ်၊ ကျုပ်ကိုယ်ကျုပ် အဆုံးစီရင်လိုက်ပါမယ်'

ဟု ပြောကာ ဒူးထောက်ရာမှ ခုန်ထလိုက်သည်။



အခန်းနံရံ၌ ချိတ်ဆွဲထားသောဓားကို ဖျတ်ခနဲဖြုတ်ယူလိုက်လေသည်။

ရှမ်းကုံးချင်း တုန်လှုပ်သွားလေတော့သည်။

'အစ်ကို မလုပ်နဲ့'

လက်ထဲမှလင်ဗန်းကို ခွမ်းခနဲမြည်အောင်လွှတ်ချကာ ယင်ကျောင်းအား ပြေး၍ဆွဲလိုက်လေသည်။

'မလုပ်ရဘူး၊ ဒီလိုမလုပ်ရဘူး'

သူမသည် ယင်ကျောင်း၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း အသံကုန်ဟစ်အော်လိုက်လေသည်။

ယင်ကျောင်းက သူမအား ငေးကြည့်လိုက်၏။

ရှမ်းကုံးချင်းကလည်း မော့ကြည့်လာသည်။

နှစ်ယောက်သား မျက်လုံးချင်းဆုံမိသောအခါ....

သူတို့သည် ဘယ်သောအခါမှ ခွဲခွာ၍မရနိုင်တော့ကြောင်း နှစ်ယောက်သား နားလည်သဘောပေါက်လိုက်ကြလေတော့သည်။

* * *

ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေလေသည်။

အေးမြသောညလေများက သုန်သုန်ညင်းညင်းတိုက်ခတ်၍ နေသည်။

ဝါးအိမ်ကလေးရှေ့တွင် ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့ ရှိနေကြလေသည်။

ရှမ်းကုံးချင်းသည် ယင်ကျင်း၏ရင်ခွင်ကိုမှီလျာ ထိုင်နေ၏။

ယင်ကျင်းက သူမ၏ဆံနွယ်စကလေးများကို ပွတ်သပ်ပေးနေသည်။

ရှမ်းကုံးချင်း ပျော်ပျော်ရွှင်ရွှင်ရှိနေသည်ကို တွေ့ရသော အခါ သူကျေနပ်မိလေသည်။

သို့တိုင်....

သူ၏ဘဝထဲသို့ သူမအား ခေါ်ယူမိလိုက်သဖြင့် နောင်တ ရမိနေသည်က အမှန်ပင်ဖြစ်လေသည်။



ရှမ်းကုံးချင်းသည် ယင်ကျင်း၏မျက်နှာ ညှိုးနေသည်ကို သတိပြုမိသွားပြီး....

'အစ်ကို ဘာဖြစ်လို့မျက်နှာညှိုးနေတာလဲဟင်'

ဟု မေးလာလေသည်။

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးညီမရဲ့'

'အစ်ကိုနော် မလိမ်နဲ့ ညီမအကြောင်းကို တွေးနေတာ မဟုတ်လား'

ယင်ကျင်း သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ် ညီမရယ်၊ ညီမဟာ အဆင့်အတန်းမြင့်တဲ့ မျိုးနွယ်က ဆင်းသက်လာတဲ့ 'လူတစ်ယောက်ဆိုတာ အစ်ကို ရိပ်မိပါတယ်၊ အထီးကျန်ဆန်လှတဲ့ အစ်ကို့ဘဝထဲကို ဇွတ် ဆောင်းဆွဲသွင်းလိုက်သလိုဖြစ်သွားတာကို နောင်တရနေမိတာ ပါ'

ရှမ်းကုံးချင်းက....

'ကျွန်မကတော့ နောင်တမရဘူး'

ဟု ပြောလေသည်။

'ဟင်'

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ရှမ်းကုံးချင်းကို နားမလည်နိုင်စွာ ကြည့်လိုက်မိသည်။

ရှမ်းကုံးချင်း ပြုံးလိုက်လေသည်။

'ကျွန်မ ဘာကြောင့် နောင်တမရသလဲဆိုတာ အစ်ကို သိသလား'

ဟု မေးလာလေသည်။

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း၊ ဘာဖြစ်လို့လဲ ပြောပါဦးညီမရယ်'

ရှမ်းကုံးချင်းက....

'အစ်ကိုနဲ့အတူတူနေရတဲ့အချိန်ဟာ ကျွန်မအတွက်အပျော်ဆုံးအချိန်ဖြစ်နေလို့ပေါ့'

'ဪ... ညီမရယ်'

ယင်ကျင်း ပိုပြီးစိတ်မကောင်းဖြစ်သွားလေသည်။



ရှမ်းကုံးချင်းက....

'ကျွန်မဘာမှမစဉ်းစားဘူး၊ အစ်ကိုလဲဘာမှမစဉ်းစားနဲ့ ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင်နေကြမယ်နော်'

ယင်ကျင်းက....

'ညီမ တော်ကြာညီမရဲ့မိဘတွေက...'

'ကိစ္စမရှိဘူး၊ ဘိုးဘိုးက ညီမကိုသိပ်ချစ်တာ၊ ညီမတို့ကိုသဘောတူမှာပါ၊ ဒါထက် အစ်ကို့မိဘတွေကရော'

ရှမ်းကုံးချင်းက ပြန်မေးလိုက်လေသည်။

ယင်ကျင်း အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

ရှမ်းကုံးချင်းက....

'အစ်ကို ကျွန်မမေးတာကိုဖြေစမ်းပါဦး၊ အစ်ကို့ရဲ့ မိဘတွေက ကျွန်မနဲ့သဘောတူနိုင်ပါ့မလားဟင်'

သူမက သိလိုစိတ်ပြင်းပြစွာဖြင့် မေးလာလေသည်။

ယင်ကျင်းက...

'သူတို့ရှိရင် သဘောတူကြမှာပါ၊ သူတို့ဟာ အစ်ကို့ကို သိပ်ချစ်ကြပါတယ်၊ ဒါပေမယ့်'

'သူတို့က ဘယ်ရောက်သွားလို့လဲဟင်'

'သူတို့ သေဆုံးသွားကြပါပြီ'

'ရှင်'

ရှမ်းကုံးချင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ယင်ကျင်း၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အသွင်အထင်းသား ပေါ်လွင်နေပါသည်။

ရှမ်းကုံးချင်းက ယင်ကျင်းအား တရှုတ်သက်စွာ ကြည့်ရင်း....

'အစ်ကို့မိဘတွေ ကွယ်လွန်သွားကြပြီ၊ ဟုတ်လားအစ်ကို'

ဟု မေးလေသည်။

ယင်ကျင်းက....

'ဟုတ်ပါတယ် ညီမရယ်'

'စိတ်မကောင်းလိုက်တာရှင်၊ မေးမိတာကို စိတ်မဆိုးပါနဲ့နော်'



'ကိစ္စမရှိပါဘူး ညီမရယ်'

ရှမ်းကုံးချင်းသည် ယင်ကျင်းအား မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ယင်ကျင်းကား ငေးငိုင်၍ နေပါတော့သည်။

'အစ်ကို'

'ပြောပါ ညီမ'

'ညီမဟာ ရှမ်းကုံးခြံဝင်းကဆိုတာ အစ်ကို့ကို ပြောပြီးပြီနော်'

'ဟုတ်ပါတယ် ညီမရယ်၊ ညီမဟာ သခင်မလေး တစ်ယောက်ဖြစ်လျက်နဲ့ အစ်ကိုနဲ့ ပတ်သက်မိခဲ့တာကြောင့်....'

'ဒီလိုမပြောပါနဲ့အစ်ကိုရယ်၊ ညီမကို ဘာဆိုဘာမှစိတ်မပူပါနဲ့၊ ညီမအားလုံး တာဝန်ယူပါတယ်၊ အစ်ကို့ ဘက်ကသာ....'

'ကျုပ်က....

ယင်ကျင်း စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရှမ်းကုံးချင်းက....

'အစ်ကိုမှာ မိဘတွေမရှိကြတော့ဘူးဆိုလဲ ဆွေမျိုးသားချင်းတွေကော၊ ညီမတို့ ရှမ်းကုံးခြံဝင်းမှာဆိုရင် ဦးလေးတွေကော၊ အဒေါ်တွေကော၊ အို...ပျော်စရာကောင်းလိုက်တာ၊ လူတွေအများကြီးပဲ'

ယင်ကျင်းက....

'ကျုပ်ကတော့ တစ်ကောင်ကြွက် တစ်ယောက်ပါ ညီမရယ်'

ဟု ပြောလိုက်လေသည်။

ရှမ်းကုံးချင်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မတော့ မယုံပါဘူး'

'ဟင်...ညီမ'

'အစ်ကိုဟာ တစ်ကောင်ကြွက်ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ မျိုးကြီးဆွေကြီးထဲက ပေါက်ဖွားဆင်းသက်လာသူ တစ်ယောက်ဆိုတာ ကျွန်မယုံကြည်တယ်'

ယင်ကျင်းက....



'တကယ်ပြောတာပါ ညီမရယ်၊ ကျုပ်ဟာ မိဘဆွေမျိုးမရှိတဲ့ တစ်ကောင်ကြွက် တစ်ယောက်ပါ၊ ဒါကြောင့်လဲ လူသူမနီးတဲ့ တောအုပ်ထဲမှာ လာပြီးနေတာပေါ့'

ရှမ်းကုံးချင်းက....

'ဒါဖြင့် အစ်ကို တစ်ခါက ပြောတော့ ရန်သူတွေကြောင့်ဆို'

ဟု မေးလေသည်။

ယင်ကျင်း ရင်ထိတ်သွားသည်။

'အစ်ကို ဒီလိုပြောမိလို့လား'

'ဟွန်း...အစ်ကိုပဲ ပြောခဲ့တာ၊ ဘာလဲ ကျွန်မကို လိမ်ပြောချင်လို့လား'

'ကျုပ်....ကျုပ်က....'

'အစ်ကို အမှန်အတိုင်းပြောပါ၊ အစ်ကိုဟာ အကြောင်းတစ်ခုခုကြောင့် ရန်သူနဲ့မတွေ့အောင် ဒီတောအုပ်ထဲမှာ လာပြီး တိမ်းရှောင်နေတာ မဟုတ်လား'

ယင်ကျင်း အဖြေမပေးပါ။

ဘာမှလည်း မပြောဘဲ ခေါင်းငုံ့ထားလိုက် လေတော့သည်။

ယင်ကျင်းက ကြက်နာကြီးတည်လိမ်ထားသလိုရှိလေလေ၊ ရှမ်းကုံးချင်း အားမလိုအားမရ ဖြစ်လာလေလေပင်။

'အစ်ကိုရယ်၊ ကျွန်မတို့ဟာ ဇနီးမောင်နှံတွေ ဘဝကို ရောက်နေကြပြီ မဟုတ်လား၊ တစ်ယောက်ကို တစ်ယောက် ထိန်ဝှက်ထားစရာ မလိုတော့ဘူး ထင်ပါတယ်၊ အစ်ကို့ရဲ့ အခက်အခဲဟာ ညီမရဲ့အခက်အခဲပဲပေါ့၊ ပွင့်ပွင့်လင်းလင်း တိုင်တိုင်ပင်ပင် ရှိကြတာ မကောင်းဘူးလားဟင်'

ယင်ကျင်းက....

'ကျုပ်သဘောပေါက်ပါတယ် ညီမရယ်၊ ကျုပ်က လိမ် ပြောချင်လို့မဟုတ်ပါဘူး'

ရှမ်းကုံးချင်းက....

'ဒါဖြင့် ဘာလဲပြောပါဦး'

'ကျုပ်....ကျုပ်....'

'အစ်ကိုမပြောဘူးလား'

သူမ၏အသံ မာသွားလေသည်။



သူမစိတ်ဆိုးသွားလျှင် ချော့၍ ရမည် မဟုတ်ကြောင်း ယင်ကျင်းရိပ်မိလေသည်။

ထို့ကြောင့်....

'ညီမ၊ ကျုပ်က အမှန်အတိုင်းပြောမယ်ဆိုရင် ညီမလက်ခံမလား'

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်းက....

'အစ်ကို အမှန်အတိုင်းပြောတာကို ကျွန်မ ဘာကြောင့် လက်မခံနိုင်ရမှာလဲ'

ယင်ကျင်းက....

'အမှန်ကိုပြောရရင် ကျုပ်မှာရန်သူတွေရှိနေတယ်၊ ရန်သူတွေဟာ ကျုပ်နဲ့ပတ်သက်နေတဲ့ ညီမကိုပါ ဒုက္ခပေးကြလိမ့်မယ်၊ ဒါကြောင့် ကျုပ်ရဲ့ဘဝမှန်ကို ပြောမပြချင်တာပါ'

'အစ်ကို့ရဲ့ ဘဝမှန်ကိုသိတာနဲ့ ရန်သူတွေ ဒုက္ခပေးမှာနဲ့ ဘာဆိုင်လို့လဲ'

ရှမ်းကုံးချင်းက မကျေမနပ်ဖြင့် မေးလေသည်။

ယင်ကျွင်းက....

'ဆိုင်တယ်ညီမ၊ အစ်ကို့အကြောင်းကိုမသိဘူးဆိုရင် ညီမဟာ အစ်ကိုနဲ့ ဘယ်လိုပဲပတ်သက်နေပါစေ ရန်သူတွေက ဒုက္ခပေးကြမှာမဟုတ်ဘူး၊ အစ်ကို့အကြောင်းကို သိနေပြီဆိုရင်တော့ ညီမကိုပါဒုက္ခပေးကြမှာ ကျိန်းသေပဲ'

ရှမ်းကုန်းချင်းက....

'နေပါဦး၊ အစ်ကို့မှာ ရန်သူတွေ ရှိနေတယ် ဆိုတော့ အစ်ကိုက ဘာမဟုတ်တာတွေများလုပ်ခဲ့လို့လဲ'

ဟု မေးလေသည်။

ယင်ကျွင်း ခေါင်းခါယမ်းလိုက်သည်။

'ဟာ....ကျုပ်ဘာမှမလုပ်ပါဘူး ညီမရယ်'

'ဒါဖြင့် ဘာကြောင့် ရန်သူတွေရှိနေတာလဲ'

'ဒါက....'

ယင်ကျွင်းက ဆက်မပြောဘဲ နေလိုက်လေသည်။

ရှမ်းကုန်းချင်းက....



'ကျွန်မသိပြီ၊ အစ်ကို့မိဘတွေရဲ့ ရန်သူတွေမဟုတ်လား'

ယင်ကျွင်းသည်ခန္ဓာကိုယ် သတိနဲ့ တုန်ခါသွားလေသည်။

ရှမ်းကုန်းချင်းအား အထိတ်တလန့်ကြည့်လိုက်လေသည်။

'ပြောပါဦး အစ်ကိုရဲ့'

'ဟို... ဟို'

'အစ်ကို့မိဘတွေဟာ ရန်သူလက်ချက်နဲ့ သေဆုံးသွားခဲ့ကြရတာမဟုတ်လား၊ အစ်ကိုဟာ ရန်သူလက်က ထွက်ပြေးလွတ်မြောက်လာပြီး ဒီတောထဲမှာ လာပုန်းနေတာမဟုတ်လား'

ယင်ကျွင်း ပါးစပ်အဟောင်းသားဖြစ်ကာ ဘာမှမပြောနိုင်အောင် ဖြစ်သွားလေတော့သည်။

ရှမ်းကုန်းချင်းက....

'အစ်ကို့မိဘရဲ့ရန်သူတွေဟာ အတော်ကို ကြောက်စရာကောင်းတဲ့လူတွေလဲ ဖြစ်ရမယ်၊ ဒါပေမယ့် ဘာမှမပူပါနဲ့လေ၊ ကျွန်မက အစ်ကို့ဘက်မှာ မားမားမတ်မတ်ရပ်တည်သွားမှာပါ'

သူမသည် ယင်ကျင်းအားပြုံးပြလိုက်ပြီး....

'အစ်ကို့ရန်သူတွေကို ကျွန်မဆုံးမပေးမှာပေါ့'

ဟု ပြောလေသည်။

ယင်ကျင်းက လက်မခံပါချေ။

'မဖြစ်ဘူး၊ ညီမကို အစ်ကို့ရဲ့ဒုက္ခတွေကြားထဲ ဆွဲသွင်းလို့မဖြစ်ဘူး'

ရှမ်းကုံးချင်းက ဝုန်းခနဲထရပ်လိုက်လေသည်။

သူမ၏မျက်နှာ နီရဲခက်ထန်နေသည်။

ယင်ကျင်းအား ခါးထောက်ကာကြည့်လိုက်ပြီး....

'ဩော်....ခုချိန်မှ အစ်ကို့ဘဝထဲ ကျွန်မကို ဆွဲမသွင်းချင်တော့ဘူးလို့ ပြောနိုင်ပြီပေါ့လေ၊ ကျွန်မရဲ့ဘဝထဲကို အစ်ကိုဝင်လာပြီးပြီဆိုတာ မေ့ပစ်လိုက်တော့မလို့လား၊ ခုချိန်မှ ကျွန်မတို့နှစ်ယောက် ခွဲခြားလို့မရတော့ဘူး၊ ခွဲခြားချင်ရင် နည်းလမ်းတစ်ခုပဲရှိတယ်၊ အဲဒါက တစ်ယောက်ယောက် သေသွားမှပဲ'

ဟု ဒေါသတကြီးပြောလေသည်။

ယင်ကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။



'ညီမရယ်၊ ကျုပ်က ညီမ့ကိုလှည့်စားနေတာမဟုတ်ပါဘူး၊ ညီမကိုချစ်လွန်းလို့ အစ်ကို့ကြောင့် ဒုက္ခမရောက်စေချင်လို့ပါ၊ သေရမယ်ဆိုရင် ကျုပ်ပဲသေသင့်ပါတယ်၊ ကျုပ်ကိုခွင့်လွှတ်ပါညီမရယ်'

ရှမ်းကုံးချင်းသည် သူ၏အနီးသို့ လျှပ်တစ်ပြက်ရောက်ရှိလာပြီး လက်နှစ်ဖက်ကိုချုပ်ကိုင်ထားလိုက်သည်။

'ညီမ'

'အစ်ကို၊ ဒီလိုနဲ့လွယ်လွယ်အရှုံးပေးလို့ ဘယ်ရမလဲ၊ရန်သူကို ကျွန်မတို့နှစ်ယောက် အတူတကွလက်တွဲပြီး ရင်ဆိုင်သွားကြမယ်'

'ကျုပ်က....'

'ကျွန်မပြောတာကို လက်မခံဘူးဆိုရင် အစ်ကိုသဘောကျသလို လုပ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မလဲ အသက်ရှင်လျက်နဲ့ လောကပေါ်မှာ နေရစ်ခဲ့လိမ့်မယ်လို့ မထင်ပါနဲ့ရှင်'

သူမ၏စကားကြောင့် ယင်ကျင်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

'ညီမရယ်၊ ဘယ်လိုပြောလိုက်တာလဲ'

'အစ်ကိုကကော ဘယ်လိုပြောနေတာလဲ၊ စဉ်းစားကြည့်ပါဦး'

'ကျုပ်...'

'အစ်ကိုဟာ ကျွန်မကို သူစိမ်းတစ်ရံစာတစ်ယောက်လို ဆက်ဆံနေတာပဲမဟုတ်လား'

ယင်ကျောင်းက...

'ညီမရယ်'

ဟု ညည်းတွားလိုက်လေသည်။

ရှမ်းကုံးချောင်းက...

'ကဲ...အစ်ကို့ရဲ့မိဘတွေအကြောင်း၊ ရန်သူတွေအကြောင်း ပြောပြပါ'

ဟု မေးလေသည်။

ယင်ကျောင်းက...

'ညီမ'

'အစ်ကို ပြောမှာသာပြောပါ'



ရှမ်းကုံးချောင်းက ခပ်ထန်ထန်ပြောလေသည်။

ယင်ကျောင်းက သက်ပြင်းချလိုက်ပြီး....

'ဒီလိုပါ ညီမရယ်၊ ကျုပ်ရဲ့ဖခင်ဟာ အနောက်တက်တောင်တန်းဒေသက မြို့စားကြီးတစ်ဦးဖြစ်ပါတယ်'

'မြို့စား'

'ဟုတ်တယ် ညီမ'

'ဒါကြောင့် အစ်ကို့ကိုစတွေ့တုန်းက ရခဲသလေးတစ်ပါးနဲ့မတူတဲ့ မင်းသားလေးတစ်ပါးနဲ့တူနေတယ်လို့ ကျွန်မထင်ခဲ့မိတာ၊ ခုတော့မှန်နေပြီပေါ့'

ရှမ်းကုံးချောင်း၏စကားကြောင့် ယင်ကျောင်းပြုံးလိုက်သည်။

ရှေ့ဆက်ပြောလိုက်လေသည်။

'ကျုပ်ရဲ့ဖခင်ဟာ တရားဥပဒေကို ရိုသေလေးစားပြီး လိုက်နာစောင့်ထိန်းတယ်၊ မြို့သူမြို့သားတွေကို တရားနဲ့အညီ စီရင်အုပ်ချုပ်တယ်၊ ဒါကြောင့် မြို့သူမြို့သားတွေက ချစ်ခင်လေးစားကြပြီး လူဆိုးဓားပြတွေကတော့ မုန်းတီးကြတယ်၊ ကျုပ်အဖေက လူဆိုးကြီးတစ်ယောက်ကိုဖမ်းဆီးပြီး ထောင်ချ

ခဲ့တယ်၊ အဲဒီလူဆိုးကြီးဟာ အာပေါင်းအဖော်တွေရဲ့အကူအညီနဲ့ ထောင်ဖောက်ပြီး ထွက်ပြေးသွားနိုင်ခဲ့တယ်'

ရှမ်းကုံးချင်းက....

'သူဟာ အစ်ကို့အဖေကို ဒုက္ခပေးခဲ့တာပေါ့ ဟုတ်လား'

'ဟုတ်တယ် ညီမ၊ ဓားပြကြီးဟာ ညတစ်ညမှာ မြို့စားကြီးအိမ်တော်ကို အငိုက်ဖမ်းပြီး စီးနင်းတိုက်ခိုက်ခဲ့တယ်၊ မြို့စားကြီးဟာ ကိုယ့်ရဲ့သိက္ခာသမာဓိကို ယုံကြည်တဲ့အတွက် အစောင့်အကြပ်အနည်းငယ်ပဲထားပြီး နေထိုင်ခဲ့တဲ့အတွက် ဓားပြကြီးနဲ့ အပေါင်းပါတွေ စီးနင်းတိုက်ခိုက်လာကြတဲ့အခါ မယှဉ်နိုင်အောင်ဖြစ်ခဲ့ရပြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရတာပေါ့'

ရှမ်းကုံးချင်းက....

'အစ်ကိုကရော ကံကောင်းထောက်မပြီး လွတ်မြောက်လာခဲ့တယ်ဆိုပါတော့'

'ဟုတ်တယ် ညီမ၊ ဖေဖေရဲ့လူယုံတော်တစ်ယောက်ဟာ အစ်ကို့ကိုခေါ်ပြီး ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့လို့ လွတ်မြောက်လာခဲ့ရတာပါ၊ ဒါပေမယ့် သူ့မှာလဲ ဒဏ်ရာတွေရထားတော့ လမ်းမှာတွေ့ရတဲ့ ရသေ့ကြီးတစ်ပါးဆီမှာ အစ်ကို့ကိုအပ်နှံပြီး သေဆုံးသွားခဲ့တာပါပဲ၊ ဒီလိုနဲ့ ရသေ့ကြီးသီတင်းသုံးတဲ့နေရာကို အစ်ကိုရောက်လာခဲ့ရတာပါ၊ အဲဒီအချိန်က အစ်ကို့



အသက် ဆယ့်သုံးနှစ်သားပဲရှိသေးတယ်၊ ဒီကိုရောက်လာတာ ဆယ်နှစ်ကျော်သွားပြီဆိုပါတော့'

ရှမ်းကုံးချင်းက....

'ဒါနဲ့ အစ်ကိုက ဘာကိုကြောက်နေရတာလဲ၊ ဓားပြကြီးက အစ်ကို့ကို လိုက်ရှာမယ်ထင်နေလို့လား'

ယင်ကျင်းက....

'ဟုတ်တယ်ညီမ၊ ဓားပြကြီးဟာ အစ်ကိုတို့တစ်မိသားစုလုံးကို သတ်ပစ်မယ်လို့ ကြုံးဝါးထားခဲ့တာ၊ သူဟာအစ်ကို့ကို လိုက်ရှာပြီး သတ်ပစ်ဖို့ ကြိုးစားမှာ သေချာတယ်'

ရှမ်းကုံးချင်း ရယ်မောလိုက်လေသည်။

ယင်ကျင်း အံ့သြသွားပြီး....

'ညီမ ဘာဖြစ်လို့လဲဟင်'

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ဘာဖြစ်ရမှာလဲ၊ လူဆိုးဓားပြတွေကို ကျွန်မက မမှုလို့ပေါ့၊ အစ်ကို့ကို လာရှာပါစေလို့သာ ဆုတောင်းစမ်းပါ။

သူတို့ရောက်လာတာနဲ့မှတ်လောက်သားလောက်အောင် ကျွန်မ ဆုံးမပြုပါ့မယ်'

ယင်ကျင်းက....

'ညီမ၊ အဲဒီမိန်းမကြီးဟာ အတော်ကို ကြောက်စရာကောင်းတယ်၊ ဖေဖေရဲ့လက်ရုံးသိုင်းသမားတွေတောင် သူ့ရဲ့ လက်ချက်နဲ့သေဆုံးကုန်ကြတာ'

ရှမ်းကူးချင်းက....

'ကျွန်မတာဝန်ယူမယ်၊ ခုချိန်ကစပြီး အစ်ကို့ ဘာကိုမှ စိုးရိမ်ပူပန်မနေပါနဲ့တော့ရှင်'

ယင်ကျင်း သက်ပြင်းချလိုက်ပြန်လေသည်။

ရှမ်းကူးချင်းက....

'ဒါမှမဟုတ်ရင်လဲ ကျွန်မတို့ရှမ်းကူးခြံဝင်းကိုသာ လိုက်ခဲ့ပါ။ အစ်ကို့ကို ဘယ်သူမှလက်ဖျားနဲ့တောင် မတို့ဝံ့စေရဘူး'

ယင်ကျင်း မျက်နှာပျက်သွားလေသည်။

'ဟာ... ကျုပ်လိုက်လို့မဖြစ်ပါဘူး'

ရှမ်းကူးချင်းက....



'ဘာဖြစ်လို့လဲအစ်ကိုရဲ့'

'ကျုပ်.... ကျုပ်'

'ကျွန်မတို့ရှမ်းကူးခြံဝင်းဟာ အစ်ကို့အတွက်လုံခြုံစိတ်ချရစေမယ်လို့ ကျွန်မတာဝန်ယူပါတယ်'

ယင်ကျင်းက...

'မဟုတ်ဘူး၊ အစ်ကိုလိုက်လို့မဖြစ်သေးဘူး'

'ဘာဖြစ်လို့လဲ'

'အစ်ကို့ဆီကိုရောက်လာမယ့် လူတစ်ယောက်ကို စောင့်ရဦးမယ်'

ရှမ်းကူးချင်း မျက်မှောင်ကြုတ်သွားသည်။

ယင်ကျင်းအား နားမလည်နိုင်စွာ ကြည့်လိုက်ပြီး....

'အစ်ကို့ဆီကိုရောက်လာမယ့်လူတစ်ယောက် ဟုတ်သား'

'ဟုတ်တယ်'

'ဘယ်သူကရောက်လာမှာလဲ'

'ဖေဖေရဲ့လူယုံတော်တစ်ယောက်ပါ'

ရှမ်းကုံးချင်းက....

'အစ်ကို့ အဖေရဲ့လူယုံတော်တွေက အသက်ရှင်ကျန်ရစ်ခဲ့နေသေးတယ်ဆိုပါတော့'

'ဟုတ်ပါတယ် ညီမရယ်'

'ဒါဖြင့် ဘာကြောင့် အစ်ကို့ကို ဆယ်နှစ်ကျော်ပစ်ထားရတာလဲ၊ ဘာကြောင့်လာမခေါ်ကြတာလဲ'

ယင်ကျင်းက....

'သူတို့ဟာ မြို့စားကြီးကိုကြောက်နေရလို့ပေါ့'

'ရှင်'

ရှမ်းကုံးချင်း နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

ယင်ကျင်းက....

'ဒီလိုပါညီမ၊ ခေါ်ဘွားကြီးဟာ ဖေဖေ့ကိုလုပ်ကြံပြီးတော့ အစ်ကိုတို့မြို့ကို သိမ်းပိုက်လိုက်တယ်၊ သူဟာ ရက်စက်ကြမ်းကြုတ်တဲ့အပြင် နောက်လိုက်အင်အားတောင့်တင်းတော့ မြို့သူမြို့သားတွေလဲ ဘာမှမပြောရဲကြဘူး၊ ခေါ်ဘွားကြီးဟာ ကိုယ့်ကိုယ်ကို မြို့စားကြီးအဖြစ် တင်မြှောက်ပြီး အုပ်ချုပ်နေတာ ခုထိပဲ'



ရှမ်းကုံးချင်း မဲ့ပြုံးပြုံးလိုက်သည်။

'ရယ်စရာကောင်းလိုက်တာနေဖြစ်၊ လူဆိုးခေါ်ဘွားတစ်ယောက်ဟာ မြို့စားကြီးတစ်ယောက်ဖြစ်လာရသတဲ့လား၊ အစ်ကိုကျန်တို့သွားပြီးသုံးလိုက်ကြရင်မကောင်းဘူးလား'

ယင်ကျင်းက....

'ဟာ...မဖြစ်ဘူး၊ မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ အစ်ကိုရဲ့'

'ညီမရယ်၊ ကျုပ်တို့ ဒီမှာပဲနေပြီး ဖေဖေ့ရဲ့ လူယုံတော်ရောက်လာတဲ့အထိ စောင့်နေ လိုက်ကြရအောင်နော်'

ယင်ကျင်းက ခေါင်းပန်တိုးလျှိုးလိုက်လေသည်။

ရှမ်းကုံးချင်းသည် ယင်ကျင်းအား စေ့စေ့ကြည့်လိုက်သည်။

ယင်ကျင်း မျက်နှာငယ်နေသည်ကို တွေ့ရလျှင် စိတ်မကောင်းဖြစ်သွားပြီး....

'ကောင်းပြီလေ၊ အစ်ကို့သဘောပါပဲ'

ဟု သဘောတူလိုက်လေသည်။

ယင်ကျင်း ဝမ်းသာသွားသည်။

'ညီမ၊ အစ်ကိုတို့ အတူတူနေရတဲ့အချိန်လေးမှာ ဘာကိုမှမတွေးဘဲ ပျော်ပျော်နေကြရအောင်နော်'

ဟု ပြောလိုက်လေသည်။

* * *

## ဘာမယ့် လာတော့

---

မိုးဥတုကာလ ဝင်ရောက်လာပြီ ဖြစ်ပါသည်။

ယခုရက်ပိုင်းအတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းနေခဲ့လေသည်။

ထင်းစန်းတောင်ခြေမှ တောအုပ်ကြီးမှာ ပို၍ စိုပြည်စိမ်းလန်းလာလေသည်။

မြက်ပင်၊ ချုံပင်များ သန်မာကြီးထွားလာသည်။

ပန်းများ ပို၍ပွင့်လာသည်။

ကျေးငှက်ကလေးများ၊ သားကောင်များ ပိုမိုပေါများလာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲလာသည်ကို ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့ သတိပြုမိကြလေသည်။

သူတို့သည် ပူပင်သောကများကို မေ့ထားလိုက်ကြလေသည်။

နှစ်ယောက်သား ဘဝတစ်ခုတည်းဆောက်ကာ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြလေသည်။

ဤသို့ဖြင့် ဘဝတစ်လျှောက်လုံး နေထိုင်သွားနိုင်ပါစေဟု လည်း ဆုတောင်းခဲ့ကြလေသည်။

သို့သော်....

အရာရာသည် တည်မြဲခြင်းမရှိ။

ပြောင်းလဲတတ်သောသဘောရှိရကား ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့၏ ဘဝသည်လည်း အပြောင်းအလဲတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရလေတော့သည်။



မိုးတဖွဲဖွဲ ရွာသွန်းနေပါသည်။

ရှမ်းကုံးချင်းသည် မိမိတံခါးပေါက်၌ ရပ်ကာ သစ်ပင်များကြားမှ တောလမ်းကလေးဆီသို့ ငေးမျှော်ကြည့်နေလေသည်။

သူမသည် ယင်ကျင်း ပြန်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေခြင်းဖြစ်သည်။

ယင်ကျင်းသည် ရှမ်းကုံးချင်း အတန်တန် တားမြစ်နေသည့်ကြားမှပင် ရိက္ခာအတွက် အမဲလိုက်ရန် ထွက်သွားခဲ့သည် မဟုတ်ပါလား။

ယင်ကျင်းပြန်လာချိန်တန်ပြီဟု တွေးရင်း ရှမ်းကုံးချင်း စောင့်မျှော်နေခြင်းလည်း ဖြစ်လေသည်။

မိုးကစဲသွားမလိုနှင့် မိုးသည်းလာလေသည်။

ရှမ်းကုံးချင်းမှာ ယင်ကျင်းအတွက် စိုးရိမ်လာသည်။

ယင်ကျင်းမိုးမိကာ ဖျားနာမည်ကို စိုးရိမ်မိခြင်း ဖြစ်လေသည်။

ထို့စဉ်....

မိုးရေများကြားမှ လူရိပ်သဏ္ဍာန်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှမ်းကုန်းချင်း ဝမ်းသာသွားလေသည်။

'အစ်ကိုပြန်လာပြီ'

သူမသည် မအောင့်အည်းနိုင်တော့ဘဲ မိုးရေထဲသို့ပြေးထွက်ကာ ကြိုဆိုလိုက်လေသည်။

လှမ်းလာနေသည့် လူရိပ်သဏ္ဍာန်နှင့် မလှမ်း မကမ်းသို့ ရောက်သွားလျှင် ရှမ်းကုန်းချင်းခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

သူမ မျက်လုံးပြူးသွားသလို ပါးစပ် အဟောင်းသား ဖြစ်သွား၏။

အကြောင်းကား....

မိုးရေစက်များကြားမှလှမ်းလာနေသူမှာယင်ကျင်း မဟုတ်ကြောင်း သိရှိသွားခြင်းကြောင့်ဖြစ်လေသည်။

ထိုလူရိပ်သဏ္ဍာန်ကိုကြည့်ရင်း မည်သူမည်ဝါဖြစ်ကြောင်းလည်း မှတ်မိလိုက်လေသည်။



သူမနှင့် အရင်းနှီးဆုံးနေထိုင်ခဲ့သည့် လူတစ်ယောက်၏ အသွင်သဏ္ဍာန် ဖြစ်နေသည်မဟုတ်ပါလား။

ရှမ်းကုန်းချင်း နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာပြီး....

'ဦးလေးအိုရန်'

ဟု ခေါ်လိုက်လေသည်။

လူရိပ်သည် ရှေ့တိုးလာသည်။

မိုးရေကြားမှ အိုရန်ကျုံး၏ပုံသဏ္ဍာန် ပို၍ထင်ရှားလာလေသည်။

'သခင်မလေး'

ရှမ်းကုန်းချင်း ဝမ်းသာသွားလေသည်။

'ဦးလေးအိုရန် လိုက်လာတယ်နော်'

အိုရန်ကျုံးက...

'သခင်မလေးပျောက်သွားလို့ ကျုပ်တို့ ဘယ်လောက်ခေါင်းမီးတောက်နေရသလဲဆိုတာ သခင်မလေး သိမှာမဟုတ်ဘဲ၊ သခင်မလေး သွားလာတတ်တဲ့နေရာမှန်သမျှ လိုက်ရှာ

ခဲ့တာ နောက်ဆုံး ဒီတောအုပ်ထဲကိုများ လာမလားဆိုပြီး ကျုပ်လိုက်ရှာခဲ့တာ၊ ခုတော့ တွေ့ကောင်းသွားတာပေါ့'

သူက ပြောသွားပြောနေသော်လည်း မျက်လုံးများက ပတ်ဝန်းကျင်ကိုမျက်ခြည်ပြတ်မခံ အကဲခတ်ကြည့်နေ၏။

ရှမ်းကုံးချင်း ပျောက်ဆုံးသွားသည်မှာ တစ်လကျော်သွားပြီဖြစ်လေသည်။

ထိုတစ်လအတွင်း သူမ ဘာများလုပ်နေသနည်းဟု သိလိုစိတ်ပြင်းပြနေလေသည်။

ရှမ်းကုံးချင်းက....

'ဦးလေးအိုရန်က ဒီတောအုပ်ဘက်ကို လာရှာဖို့မေ့နေရင် ဘယ်လောက်ကောင်းလိုက်မလဲ'

ဟု ရယ်ရယ်မောမောဖြင့် ပြောလိုက်လေသည်။

အိုရန်ကျုံးက....

'သခင်မလေးက ကျုပ် ပရဆေးရှာတဲ့အခါ လိုက်လာပြီး ဒီတောအုပ်ကိုသဘောကျတဲ့အကြောင်း တဖွဖွပြောခဲ့တာကို သတိရမိလိုက်လို့ပါ၊ ဒါထက် သခင်မလေး ဘာကြောင့် ပြန်မလာတာလဲ၊ တောထဲမှာ ဘာလုပ်နေတာလဲ'

ရှမ်းကုံးချင်းက....



'ကျွန်မ ယောကျ်ားရနေပြီလေ'

'ဟင်'

အိုရန်ကျုံး မျက်လုံးပြူးသွားလေသည်။

ရှမ်းကုံးချင်းအား နားမလည်နိုင်စွာကြည့်လိုက်ပြီး....

'သခင်မလေး ဘယ်လိုပြောလိုက်တာလဲ၊ ယောကျ်ားရနေပြီ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါထက် ဘိုးဘိုးကော ကျွန်မကို ဘာတွေပြောနေသေးသလဲ'

အိုရန်ကျုံးက....

'သခင်ကြီးဟာ ရှမ်းကုံးခြံဝင်းကိုပြန်သွားပါပြီ'

'ဟင်... ဘိုးဘိုးပြန်သွားပြီ ဟုတ်လား'

သူမသည် ကလေးတစ်ယောက်ပမာ နှုတ်ခမ်းစူကာ မြေပေါ်ခြေဆောင့်လိုက်လေသည်။

'ဘိုးဘိုးက အိမ်ပြန်သွားတာတောင် ဘာမှမပြောဘူး၊ ကျွန်မကိုထားခဲ့တယ်၊ ဘိုးဘိုးမကောင်းဘူး'

အိုရန်ကျုံးက....

'သခင်မလေးက တည်းခိုနေတဲ့နေရာကိုမှ ပြန်မလာတာ၊ သခင်ကြီးအိမ်ပြန်သွားတာကို ဘယ်လိုလုပ်သိနိုင်မှာလဲ'

'ဟောတော့'

ရှမ်းကုန်းချင်း လျှာကလေးထုတ်လိုက်လေသည်။

အိုရန်ကျုံးက....

'သခင်ကြီးဟာ သိုင်းဆရာကျိုသန်းရဲ့ ဈာပနအခမ်းအနားကိုတက်ရောက်ပြီး မိုးက အဆက်မပြတ်ရွာလာတာနဲ့ တည်းခိုနေတဲ့အိမ်ကို ပြန်မလာတော့ဘဲ ရှမ်းကုန်းခြံဝင်းကိုပြန်သွားတာ၊ ကျုပ်တို့ကို အမြန်ဆုံးပြန်ခဲ့ကြဖို့ မှာသွားတယ်လို့ ဈာပနအခမ်းအနားကပြန်ရောက်လာတဲ့ သူဌေးကြီးချန်းက ပြောပြပါတယ်'

ရှမ်းကုန်းချင်းက....

'ဒါဆို ဘိုးဘိုးနဲ့ကျွန်မ တည်းခိုတဲ့အိမ်ကထွက်သွားတာ သိပ်မကြာဘဲ နှစ်ယောက်စလုံး ပြန်ရောက်မလာကြတော့တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး၊ သခင်ကြီးမှာလိုက်တဲ့စကားကြောင့် ကျုပ်တို့ အိမ်ပြန်ဖို့စီစဉ်ခဲ့ကြပေမယ့် သခင်မလေးပျောက်ဆုံးသွားတာကြောင့် အတော်ကို ဗျာများခဲ့ရပါတယ်'

ရှမ်းကုန်းချင်းက ရယ်မောလိုက်လေသည်။

'ဦးလေးအိုရန်ရယ်၊ အခု ကျွန်မကိုတွေ့နေရပြီပဲမဟုတ်လား'

အိုရန်ကျုံးက....

'သခင်မလေး ကျုပ်နဲ့ပြန်လိုက်ခဲ့ပါ၊ ကျုပ်တို့ အိမ်ပြန်ကြပါစို့၊ သိပ်ပြီးနောက်ကျနေရင် သခင်ကြီးစိတ်ပူနေပါလိမ့်မယ်'

ရှမ်းကုန်းချင်းက လက်ကာပြလိုက်လေသည်။

'ဒါတော့မဖြစ်ဘူး ဦးလေးအိုရန်၊ သည်းခံပါ'

အိုရန်ကျုံး မျက်မှောင်ကြုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ သခင်မလေး၊ အိမ်မပြန်ဘူးလား'

'ကျွန်မ ပြန်လို့မဖြစ်သေးဘူး၊ ဒါပေမယ့် မပူပါနဲ့လေ၊ အနေ့းနဲ့အမြန်တော့ ပြန်လာမှာပါ'

အိုရန်ကျုံးမှာ နားမလည်နိုင်အောင်ဖြစ်လာပြီး....

'သခင်မလေး ဘာတွေလျှောက်လုပ်နေတာလဲ'

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ကျွန်မ အိမ်ထောင်ကျနေပြီ၊ ဒါကြောင့် ချက်ချင်း ပြန်လိုက်လို့မဖြစ်သေးဘူး၊ နောက်တော့ ကျွန်မတို့ဘာသာ လာခဲ့ပါ့မယ်၊ ကဲ... ဦးလေးအိုရန် ပြန်တော့နော်'

အိုရန်ကျုံး ခေါင်းခါယမ်းလိုက်လေသည်။

'သခင်မလေးမပါဘဲ ကျုပ်ပြန်လို့မဖြစ်ဘူး'

'ဦးလေးအိုရန်'

'သခင်မလေး ကျုပ်နဲ့ပြန်လိုက်ခဲ့ပါ'

'ကျွန်မ မလိုက်ဘူး'

'သခင်မလေး'

အိုရန်ကျုံး ကျွံမြီးတိုသွားလေသည်။

ရှမ်းကုံးချင်းကလည်း ခေါင်းမာလှပေတော့သည်။



'ဘိုးဘိုးကိုယ်တိုင်လာခေါ်ရင်တောင် ကျွန်မ မလိုက်ဘူး၊ ဒီလိုဆိုရင် ကျွန်မသဘောထား ဘယ်လိုရှိတယ်ဆိုတာ ဦးလေးအိုရန် ရှင်းသွားပြီပေါ့နော်၊ ကဲ...ပြန်ပါတော့'

အိုရန်ကျုံးသည် ရှမ်းကုံးချင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ထို့နောက်....

'ကောင်းပြီ၊ ကျုပ်ပြန်မယ်၊ သခင်မလေး ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ'

စကားဆုံးလျှင် ချာခနဲလှည့်ကာပြေးထွက်သွားလေတော့သည်။

* * *

အိုရန်ကျုံး ထွက်သွားပြီဖြစ်သည်။

ရှမ်းကုံးချင်းက မိုးရေထဲရပ်နေဆဲ။

အချိန်ခဉ်မျှကြာသွားမှန်းမသိ။

'ညီမ ဒုက္ခပါပဲ၊ ဘာကြောင့်မိုးရွာထဲထွက်ပြီး ရပ်နေရတာလဲ'

စိုးရိမ်ပူပန်စွာအော်ပြောရင်း ယင်ကျင်းပြေးလွှားရောက်ရှိလာတော့မှ ရှမ်းကုံးချင်း သတိဝင်လာလေသည်။

'အစ်ကိုပြန်ရောက်လာပြီကိုး'

'လာညီမ'

ယင်ကျင်းက သူမအား အိမ်ထဲသို့ဆွဲခေါ်သွားလေသည်၊

အိမ်ထဲရောက်သွားလျှင်....

'ညီမရယ် ဘာကြောင့်များ....'

'ဦးလေးအိုရန် ရောက်လာတယ်အစ်ကို'

ရှမ်းကုံးချင်း ကြားဖြတ်ပြောလိုက်သောစကားကြောင့် ယင်ကျင်း စကားတစ်ပိုင်းတစ်စဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

ရှမ်းကုံးချင်းအား အထိတ်တလန့်ကြည့်လိုက်ပြီး....



'ဦး... ဦးလေးအိုရန်ကျုံး ရောက်လာတယ်ဟုတ်လား'

ရှမ်းကုံးချင်းက....

'ဟုတ်တယ်၊ ကျွန်မကိုအိမ်ပြန်ဖို့လာခေါ်တာ'

သူမ ပြောပြထားသဖြင့် ရှမ်းကုံးခြံဝင်းအကြောင်းကိုလည်းကောင်း၊ ရှမ်းကုံးခြံဝင်းမှ လူများအကြောင်းကိုလည်းကောင်း ယင်ကျင်းသိထားပြီဖြစ်လေသည်။

ရှမ်းကုံးချင်းက ဆက်ပြောလိုက်သည်။

'ဘိုးဘိုးလဲ အိမ်ပြန်သွားပြီ၊ကျွန်မကိုအမြန်ဆုံးပြန်လာခဲ့ဖို့ မှာသွားတယ်လို့ ဦးလေးအိုရန်ကပြောတယ်'

ယင်ကျင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားကာ....

'ဒါဖြင့် အစ်ကိုတို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်း ပြုံးလိုက်သည်။

'ကျွန်မကတော့နောက်မှပြန်လာမယ်၊အစ်ကိုနဲ့အိမ်ထောင်ကျနေပြီလို့ပြောလိုက်တယ်'

'ဟာ....ဒါ....ဒါဆို....သူ....သူဘာတွေပြောသွားသလဲ'

'ဘာမှမပြောဘဲ ပြန်သွားတယ်၊ သိပ်တော့ ကျေနပ်ပုံ မရဘူး'

ယင်ကျင်းက....

'အစ်ကိုတို့ ဘယ်လိုလုပ်ကြမလဲဟင်'

ဟု မေးလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ဘာလုပ်ရမလဲ၊ ကျွန်မဟာ ကလေးတစ်ယောက်မှမဟုတ်တော့ဘာ၊ ဘိုးဘိုးစိတ်ဆိုးရင်လဲ ခဏပါ၊ နောက်တော့ အားလုံးပြေလည်သွားမှာပဲ'

'ညီမရယ်'

ယင်ကျင်း ညည်းတွားလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ဦးလေးအိုရန်က ပြန်သွားတာ 'အကောင်းမဟုတ်ဘူး၊ ဒေါ်လေးမေဟွားကို သွားခေါ်လိမ့်မယ်၊ သူတို့နှစ်ယောက် ပြန်လာကြလိမ့်မယ်လို့ ကျွန်မပြောရဲတယ်'



'ကျုပ်....ကျုပ်တို့'

ရှမ်းကုံးချင်း ဆက်ကာပြောလိုက်သည်။

'ဘာမှမပူနဲ့၊ ကျွန်မကြည့်ပြီး ဖြေရှင်းလိုက်မယ်၊ တစ်ခုတော့ရှိတယ်၊ သူတို့ရောက်လာတဲ့အချိန်ကျရင် အစ်ကို ခဏရှောင်နေလိုက်ပါ'

ယင်ကျင်းက....

'ကောင်းပြီလေ၊ ဒါပေမယ့် ညီမက အစ်ကို့ကိုထားပစ်ခဲ့ပြီး သူတို့နောက်ကို ပြန်လိုက်မသွားနဲ့ဦးနော်'

ရှမ်းကုံးချင်းပြုံးလိုက်သည်။

'စိတ်ချပါအစ်ကိုရယ်၊ အစ်ကို့ကိုခွဲပြီး ကျွန်မဘယ်ကိုမှ မသွားဘူးဆိုတာယုံပါရှင်'

ဟု လှိုက်လှိုက်လှဲလှဲပြောလေသည်။

ယင်ကျင်း၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ခံစားလာရလေသည်။

ရှမ်းကုံးချင်းသည် သူ့အား ဘယ်သောအခါမှ ခွဲသွားလိမ့်မည်မဟုတ်ဟု ယုံကြည်မိပါသည်။

သူတသားလျှင် သူမအားခွဲသွားမည့်သူဖြစ်သည်ဟု အလိုလိုနားလည်ထားလေသည်။

ယင်ကျင်းသည် ရှမ်းကုံးချင်းနှင့် ခွဲသွားရမည်ကို စိုးရိမ်သည့်အလား ရှမ်းကုံးချင်း၏ လက်ကိုတင်းကျပ်စွာဆုပ်ကိုင်ထားလိုက်မိလေတော့သည်။

ရှမ်းကုံးချင်းပြောသည့်စကား မှန်ကန်နေပါသည်။

များမကြာမီ....

အိုရန်ကျုံးသည် ဇနီးသည်မေဟွားအား ခေါ်ဆောင်ကာ ရောက်ရှိလာလေတော့သည်။

* * *



ရှမ်းကုံးချင်းသည် ယင်ကျင်းအား လာရောက်တွေ့ဆုံသည့် ယင်ကျင်းဖခင်၏ လူယုံတော်ကို စောင့်မျှော်နေခဲ့လေသည်။

သို့သော်....

တကယ်တမ်းရောက်လာသူများမှာ အိုရန်ကျုံးနှင့်မေဟွားတို့ ဖြစ်နေကြပါတော့သည်။

ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့ နံနက်စာစားသောက်နေချိန်မှာပင် အိမ်အပြင်ဘက်မှ အဝတ်အစား လေတိုးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်းနှင့်, ရှမ်းကုံးချင်းတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြလေသည်။

ရှမ်းကုံးချင်းက....

'အစ်ကို နေခဲ့'

ဟု ပြောကာ အိမ်အပြင်ဘက်သို့ ပြေးထွက် သွားလေသည်။

ယင်ကျောင်းက ထိုင်ရာမှ ထလိုက်သည်။

ပြတင်းပေါက် အနီးသို့ လှမ်းသွားပြီး အပြင်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ....

ရှမ်းကုန်းချင်းသည် အမျိုးသားကြီးတစ်ယောက်၊ အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ဆုံနေကြသည်ကို တွေ့ရလေသည်။

ယင်ကျော်ဇီးသည် ရင်ထထိတ်ထိတ်ဖြင့် စောင့်ကြည့်နေလိုက်လေသည်။

ရှမ်းကုန်းချင်းက အိုရန်ကျုံးနှင့် မေဟွားတို့အား ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

'ဦးလေးနဲ့ ဒေါ်ဒေါ်ကို ဂါရဝပြုပါတယ်ရှင်'

အိုရန်ကျုံးက....

'သခင်မလေး၊ ကျုပ်တို့နဲ့ပြန်လိုက်ခဲ့ပါ'



ဟုပြောလာလေသည်။

ရှမ်းကုန်းချင်းက....

'ဝမ်းနည်းပါတယ် ရှင်၊ ကျွန်မ ပြန်မလိုက်နိုင်ပါဘူး'

အိုရန်ကျုံးက နောက်ဆုတ်လိုက်လေသည်။

မေဟွားက ရှေ့သို့လှမ်းတက်လိုက်လေသည်။

ရှမ်းကုန်းချင်းနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'သခင်မလေး၊ ပြန်လိုက်ခဲ့ပါ'

ဟုပြောလာလေသည်။

ရှမ်းကုန်းချင်းက.... ခံရ

'ကျွန်မ မလိုက်ဘူး' ပေ

'သခင်မလေး ပြန်လိုက်ခဲ့ပါ'

'ကျွန်မ မလိုက်ဘူးလို့ ပြောပြီးပါပြီရှင်'

မေဟွားက....

'သခင်မလေးကို ဖျားယောင်းသွေးဆောင်ထားတဲ့ လူ… ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

ရှမ်းကုံးချင်း ပင့်သက်ရှိုက်လိုက်လေသည်။

မေဟွားသည် ရှမ်းကုံးခြံဝင်းတွင် စည်ကမ်းနှင့်ပတ်သ… လောလျှင်အလွန် တိကျ ပြတ်သားသူဟုသတင်းကြီးသောသည်…

စည်ကမ်း ဖောက်ဖျက်မှုများနှင့် ပတ်သက်၍ ရှမ်းကုံ… သခင်ကြီးကိုပင် ထိပ်တိုက်ရင်ဆိုင်ပြောဝံ့သူ ဖြစ်လေသည်။

သူမသည် ရှမ်းကုံးသခင်ကြီးအား ရှိသေ လေး… သည်။

မိမိအား ချစ်မြတ်နိုးသည် မှန်သော်လည်း ချမ်းသာ… လိမ့်မည်မဟုတ်ဟု နားလည်လိုက်ပါတော့သည်။

မေဟွားက....

'သခင်မလေး၊ ရှမ်းကုံးခြံဝင်းဟာ နှစ်ပေါင်းများ… ဂုဏ်သိက္ခာရှိရှိ နေလာခဲ့တာပါ၊ ခုမှမျက်နှာပျက်ရမယ့်… မျိုးကို ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်ပါဘူး'



ရှမ်းကုံးချင်း ရယ်မောလိုက်သည်။

'ဒေါ်လေး၊ ဘာကြောင့် ဒီလောက်တောင် ဒေါသကြီး နေရတာလဲ'

သူမသည် မေဟွားအား နွဲ့ဆိုးဆိုးရန် ဟန်ပြင်လိုက်လေသည်။

မေဟွားက လက်မခံပါချေ။

သူမသည် နောက်ဆုတ်လိုက်လေသည်။

'သခင်မလေးဟာ ရှမ်းကုံးခြံဝင်း အရှက်ရအောင် ပြု လုပ်ခဲ့တဲ့အတွက် ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ပါဘူး၊ သခင်မလေးကို ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူရပါ လိမ့်မယ်'

သူမသည် စည်းကမ်းအတိုင်း တိကျပြတ်သားစွာ ပြော လာလေသည်။

ရှမ်းကုံးချင်း ဒေါ်ပွသွားလေသည်။

'ကောင်းပြီ၊ ဒေါ်လေးက အရေးယူမယ်ဆိုရင် ကျ ဘာကြောင့်မခံယူရဲရမှာလဲ'

သူမသည် ရင်ကော့လိုက်ပြီး....

'ကျွန်မ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြပါမယ်၊ ဒေါ်လေး ကြည့်ပါ'

မေဟွားနှင့် အိုရန်ကျုံးတို့က ဘာမှမပြောဘဲ ရှမ်းကုံးချင်းအား မျက်မှောင်ကြုတ်ကာ ကြည့်နေကြလေသည်။

ရှမ်းကုံးချင်းက....

'ဘိုးဘိုး၊ ဖေဖေနဲ့မေမေတို့ကို ပြောပြလိုက်ပါ၊ ကျွန်မဟာ အရွယ်ရောက်တဲ့မိန်းကလေးတစ်ယောက်ဖြစ်နေပါပြီ၊ ကျွန်မဟာ ကိုယ့်ဘဝကို ရပ်တည် ဖန်တီးနိုင်အောင် ကြိုးစားခဲ့ပါတယ်၊ ဒါဟာ အပြစ်တစ်ခုလို ဖြစ်လာခဲ့တဲ့အတွက် ရှမ်းကုံး မိသားစုဝင် တစ်ယောက်အနေနဲ့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကိုယ့် ယ်ကို အဆုံးစီရင်သွားပါပြီ'

ူမသည် မေဟွားတို့အား ခနဲ့လိုက်ခြင်းဖြစ်လေသည်။

မဟွားနှင့်အိုရန်ကျုံးတို့ မျက်နှာပျက်သွားကြလေသည်။

မ်းကုံးချင်း၏ဖခင် ရှမ်းကုံးစန်းသည်လည်း မိဘများ အသိမပေးဘဲ ကိုယ်ကြိုက်နှစ်သက်သော မိန်းကလေး ယောက်အား ယူခဲ့သည်ဟုတ်ပါလား။



သို့သော်....

ရှမ်းကုံးစန်းလက်ထပ်ခဲ့သော မိန်းကလေးသည် သိုင်းလောကရှိ ထင်ရှားသောမျိုးနွယ်တစ်ခုမှဖြစ်နေ၍ နောက်ပိုင်းတွင် မိဘချင်းညှိနှိုင်းကာ လက်ထပ်ပေးခဲ့လေသည်။

ရှမ်းကုံးချင်းနှင့်ပတ်သက်နေသူကား မည်သူမည်ဝါမှန်း မသိရသေးပါ။

တောထဲတောင်ထဲ၌ တစ်ယောက်တည်းနေထိုင်သည့် လူတစ်ယောက်မှာ မည်သို့သောလူစားဖြစ်ကြောင်း မသိနိုင်ပါချေ။

ရှမ်းကုံးချင်းအား မိမိတို့လက်ထဲအပ်ထားခဲ့သဖြင့် တစ်စုံတစ်ခုဖြစ်သွားပါက မိမိတို့လည်း အပြစ်ပေးခံရမည်ကို နားလည်ထားကြကာ အိုရန်ကျုံးနှင့်မေဟွားတို့ စိုးရိမ်နေကြပါသည်။

ယခုအခြေအနေအတိုင်းဆိုလျှင် ကျိန်းသေအပြစ်ပေးခံရတော့မည်ဖြစ်ရာ မေဟွားတို့ ဒေါသထွက်နေကြခြင်းဖြစ်ပေတော့သည်။

ရှမ်းကုံးချင်းက....

'ကဲ…ကျွန်မကို ခွင့်လွှတ်ကြပါတော့'

ဟု ပြောရင်း လက်တစ်ဖက်အပေါ်မြှောက်၍ လက်ဝါးဖြင့် သူ့ခေါင်းထိပ်ကို ဖိချရန်ဟန်ပြင်လိုက်၏။

သူမသည် ကိုယ့်ကိုယ်ကို အဆုံးစီရင်တော့မည်ဖြစ်လေသည်။

အိုရန်ကျုံးနှင့်မေဟွားတို့က မလှုပ်မယှက်ရပ်အောလက်ပိုက်ကြည့်နေကြလေသည်။

ချောင်းကြည့်နေသော ယင်ကျင်းကား မနေနိုင်တော့ပါ။

'ညီမ'

အထိတ်တလန့်အော်ပြောရင်း ပြတင်းပေါက်မှတစ်ဆင့်အပြင်ဘက်သို့ခုန်ထွက်လိုက်လေသည်။

ယင်ကျင်းထွက်ပေါ်လာသည်နှင့် အိုရန်ကျုံးနှင့်မေဟွားတို့လည်း လှုပ်လှုပ်ရှားရှားဖြစ်လာကြလေတော့သည်။

* * *



ရှမ်းကုံးချင်းသည် ရိုပ်ခနဲလှုပ်ရှားသွားသည်ကို တွေ့ရသည်နှင့် ယင်ကျင်း ခုန်ထွက်လာပြီဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

ထို့ကြောင့်…

'အစ်ကို ထွက်မလာနဲ့'

ကပျာကယာအော်ပြောလိုက်လေသည်။

သို့သော်….

သူမနောက်ကျသွားပြီ ဖြစ်ပါသည်။

ယင်ကျင်းသည် အပြင်ဘက်သို့ရောက်လာပြီး….

'ညီမ မလုပ်နဲ့'

ရှမ်းကုံးချင်းအား စိုးရိမ်စွာဟန့်တားလာလေသည်။

ရှမ်းကုံးချင်းက ရှေ့တိုးပြီး ယင်ကျင်းအားလှမ်းဆွဲရန်ဟန်ပြင်လိုက်သည်။

မေဟွားက သူ့ထက်အရင်ဦးအောင် ရှေ့သို့ထွက်သွားပြီး ယင်ကျောင်းအား လှမ်းဆွဲလိုက်လေသည်။

ယင်ကျောင်း ရပ်ထိတ်သွားလေသည်။

'ဒါဘာလုပ်တာလဲ'

ဟု အော်မေးရင်း ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် တစ်ချက်တွန့်လိမ်ပြီး ခြေလှမ်းများက ကွေ့ကောက်ကာနင်းပြီး ရှောင်လိုက်ခြင်းဖြစ်သည်။

အမှတ်တမဲ့ ဆိုလျှင် အရက်မူးသမားတစ်ယောက် လမ်းလျှောက်သည်နှင့်ပင် တူနေတော့သည်။

မေဟွားသည် ယင်ကျောင်းအနီးသို့ရောက်သွားပြီး လက်ဝါးချောင်းဖြင့် ကုတ်ဆွဲလိုက်သော်လည်း ယင်ကျောင်းသည် ပွတ်ကာသီကာ ရှောင်တိမ်းလွတ်မြောက်သွားလေတော့သည်။

'ဟင်'

မေဟွား ရပ်ထိတ်သွားလေသည်။



အိုရန်ကျုံးက....

'မင်း မြေးလို့လွတ်မလား'

ဟု အော်ဟောက်ရင်း ရှေ့သို့တိုးဝင်လာ၏။

'ဦးလေး မလုပ်နဲ့'

ရှမ်းကုံးချင်းက ဟန့်တားလိုက်သော်လည်း နောက်ကျသွားပြန်လေသည်။

အိုရန်ကျုံးသည် ယင်ကျောင်းအား တိုက်ခိုက်လိုက်လေသည်။

သို့တိုင်—

ယင်ကျောင်းသည် ခန္ဓာကိုယ်တွန့်လိမ်ကာ ရှောင်တိမ်းသွားလေသည်။

အိုရန်ကျုံးနှင့်မေဟွားတို့ ကြောင်အမ်းအမ်းဖြစ်သွားကြပြီး နောက်သို့ပြန်ဆုတ်လိုက်ကြလေသည်။

ရှမ်းကုံးချင်းသည် ယင်ကျောင်း၏ရှေ့သို့ရောက်ရှိသွားပြီး အကာအကွယ်ပြုထားလိုက်လေသည်။

ယင်ကျင်းက....

'ညီမ၊ ကိုယ့်ကိုယ်ကို မကောင်းမကြံစည်ရဘူးနော်'

ဟု ပြောလိုက်သည်။

ရှမ်းကုံးချင်းက ...

'စိတ်ချပါအစ်ကိုရယ်၊ ကျွန်မက သူတို့ထိတ်လန့်သွားအောင် လုပ်လိုက်တာပါ'

ထိုစကားကြားမှ ယင်ကျင်း စိတ်သက်သာရာရသွားလေတော့သည်။

ရှမ်းကုံးချင်းသည် မေဟွားတို့အားကြည့်လိုက်ပြီး....

'ဦးလေးနဲ့ဒေါ်လေး၊ ကျွန်မ ပြန်မလိုက်ဘူးလို့ပြောပြီးပြီပဲ၊ အိမ်ပြန်ကြပါတော့ရှင်'

ဟု ပြောလိုက်လေသည်။

မေဟွား မှုန်ကုပ်မနပ်ဖြစ်နေလေသည်။

'တို့က ဒီအတိုင်းတော့မပြန်နိုင်ဘူး၊ သခင်မလေးတို့နှစ်ယောက်စလုံးကို ဖမ်းခေါ်သွားရလိမ့်မယ်'



ရှမ်းကုံးချင်းက....

'ဒေါ်လေးက ကျွန်မအပေါ် တကယ်ပဲ မသက်ညှာနိုင်တော့ဘူးပေါ့'

မေဟွား ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

ရှမ်းကုံးချင်း၏မျက်နှာ တင်းမာသွားလေသည်။

'ကောင်းပြီ၊ ကျွန်မတို့ကို အဓမ္မဖမ်းခေါ်သွားမယ်ဆိုရင် ကျွန်မတို့ကလဲ ခေါင်းငုံ့ခံနေမှာမဟုတ်ဘူး၊ အသက်နဲ့လဲပြီး ခုခံရမှာပဲ၊ နောက်ဆုံး ကျွန်မတို့အဖမ်းခံလိုက်ရတယ်ပဲထားဦး၊ ရှမ်းကုံးခြံဝင်းကို အသက်ရှင်လျက် ခေါ်သွားလို့ မရစေရဘူး၊ ကျွန်မကတိပေးတယ်'

ဟု ပြတ်သားစွာပြောလိုက်တော့သည်။

သူမသည် ပြောသည့်အတိုင်းပြုလုပ်မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

မေဟွားက....

'သခင်မလေးရဲ့ လုပ်ရပ်တွေကြောင့် ရှမ်းကုန်းခြံဝင်းကို ပြန်ရောက်သွားရင်တော့ သေဒဏ်ပေးခံရမှာပဲ၊ ဘာထူးလို့လဲ'

ရှမ်းကုန်းချင်းက....

'ကျွန်မအတွက် ထူးတော့ဘူးပေါ့၊ ကောင်းပြီလေ၊ မထူးတော့တဲ့အတူတူ ကျွန်မတို့ချစ်ခြင်းကို ဘာကြောင့်အကဲ့ခံရမှာလဲ၊ ဒေါ်လေးတို့ပြန်ကြပါ၊ မပြန်ရင်ကျွန်မကမောင်းထုတ်ရလိမ့်မယ်'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

သူမသည် ငယ်ရွယ်သလို စိတ်ဆတ်သူပီပီ မည်သူ့မျက်နှာမှ မထောက်ဘဲ ပြောလိုက်ခြင်းဖြစ်လေသည်။

မေဟွားက....

'ကောင်းပြီလေ၊ သခင်မလေးကြိုးစားကြည့်ပေါ့'

သူမသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲနှိုက်လိုက်သည်။

သူမ၏ အကျွမ်းကျင်ဆုံး၊အကျော်ကြားဆုံးလက်နက်ပုန်းပညာကို ထုတ်သုံးတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။



အကယ်၍....

မေဟွားက လက်နက်ပုန်းပညာဖြင့် တိုက်ခိုက်လာပါက မိမိတို့အတွက် အခြေအနေမဟန်မှန်း ရှမ်းကုန်းချင်း ရိပ်မိလေသည်။

သို့သော်....

သူမသည် နောက်မဆုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်ရန် ဟန်ပြင်လိုက်လေသည်။

ယင်ကျောင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။

'ညီမလေးမှာအပြစ်မရှိပါဘူး၊ကျုပ်ကိုဖမ်းကြပါ၊ကျုပ်ကို အပြစ်ပေးကြပါဗျာ'

ဟု တောင်းပန်တိုးလျှိုးလိုက်လေသည်။

ရှမ်းကုန်းချင်းက....

'အစ်ကိုဘာမှတောင်းပန်စရာမလိုဘူး၊ နောက်ဆုတ်လိုက်ပါ'

ယင်ကျောင်းအား နောက်ဆုတ်ခိုင်းလိုက်လေသည်။

'ညီမ'

'အစ်ကို နောက်ဆုတ်လိုက်ပါ'

ယင်ကျင်းသည် ရှမ်းကုန်းချင်း စိတ်ဆိုးသွားမည်ကို စိုးရိမ်ကာ နောက်ဆုတ်လိုက်လေသည်။

မေဟွာနှင့် အိုရန်ကျုံးတို့သည် ရှမ်းကုန်းခြံဝင်းမှ ဖြစ်ကြရကား ရှမ်းကုန်းချင်းက သူမအားသာ မဖြစ်ရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ရှမ်းကုန်းချင်းသည် မေဟွာတို့နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'ဒေါ်လေး ကျွန်မအားတော့အလျော့ပေးမှာ မဟုတ်ဘူး။ အစ္စမ်းကုန်တို့ ဝိုက်မှာနေဦး'

ဟု ပြောလိုက်လေသည်။

မေဟွာ အ....

'စိတ်ချ ကိုယ့်သခင်မလေးသာ ရှောင်နိုင်အောင် ကြိုးစား၊ ကျုပ်က လက်နက်ပုန်းကိုအသုံးပြုတော့မယ်'



ထိုစဉ်....

'နေဦး'

အိုရန်ကျုံးက ဟန့်တားလိုက်လေသည်။

မေဟွာက....

င်ကြီး
င်ပင်

'ရှင် ဘာလုပ်ဦးမလို့လဲ'

အိုရန်ကျုံးအ....

'ဒီကိစ္စကို ကျုပ် တာဝန်ယူပြီး ဖြေရှင်းပေးမယ်၊ ခင်း နောက်ဆုတ်လိုက်ပါ'

ဟု ပြောလိုက်သည်။

မေဟွာသည် အိုရန်ကျုံးကိုတစ်လှည့်၊ ရှမ်းကုန်းချင်းကို တစ်လှည့်ကြည့်ပြီးမှ နောက်ဆုတ်လိုက်လေသည်။

ယင်ကျင်းက အခြေအနေစောင့်ကြည့်နေပါသည်။

အိုရန်ကျုံးသည် လည်းကောင်း၊ မေဟွားသည် လည်းကောင်း ရှမ်းကုံးချင်းအား တကယ်တမ်း တိုက်ခိုက်လိုစိတ်ရှိကြောင်း တဖြည်းဖြည်း ရိပ်မိလာလေသည်။

ရှမ်းကုံးချင်းက....

'ဦးလေးအိုရန်၊ ကျွန်မကို ဖျောင်းဖျဖို့ ကြိုးစားရင်တော့ သွားလိမ့်မယ်'

ဟု ပြောလိုက်သည်။

အိုရန်ကျုံးက လက်ကာပြလိုက်သည်။

'ကျုပ်တို့ တိုက်ခိုက်ဖို့မလိုပါဘူး၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

'ဆွေးနွေးမယ်'

'ဟုတ်တယ်'

ရှမ်းကုံးချင်း မျက်မှောင်ကြုတ်သွားပြီး....

'ဘာတွေများဆွေးနွေးချင်လို့လဲ ပြောပါဦး'

ဟု မေးလိုက်လေသည်။



အိုရန်ကျုံးက....

'သခင်မလေး ချစ်သူတွေ့နေပြီမဟုတ်လား'

'ဟုတ်တယ်လေ'

'သခင်မလေးက ကိုယ့်သဘောနဲ့ကိုယ်မလုပ်ဘဲ သခင်ကြီးနဲ့ မိဘတွေကို အကျိုးအကြောင်းပြောပြပြီး တိုင်တိုင်ပင်ပင် လုပ်ပါလား'

ရှမ်းကုံးချင်း ပြုံးလိုက်သည်။

'ခုမှတော့ နောက်ကျမနေဘူးလား ဦးလေးရယ်'

အိုရန်ကျုံးက....

'လိုစွမ်မရှိဘူးလေ၊ လူကြီးတွေကို အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ်လုပ်တာထက် လူကြီးတွေကို အသိပေးတာက ကောင်းသေးတာပေါ့'

ရှမ်းကုံးချင်းက....

'ကျွန်မ ဘယ်လိုအသိပေးရမှာလဲ'

အိုရန်ကျုံးက....

'သခင်မလေး၊ ရှမ်းကုန်းခြံဝင်းကိုလိုက်လာပြီး သခင်ကြီးနဲ့တွေ့ပါ၊ အကျိုးအကြောင်းပြောပြပါ'

ရှမ်းကုန်းချင်းက ရယ်မောလိုက်လေသည်။

'နောက်ဆုံးတော့ ကျွန်မ ပြန်လိုက်လာခဲ့ဖို့ ဖြစ်လာတာ မဟုတ်လား'

အိုရန်ကျုံးက....

'ကျုပ်က အသင်းပြန်လိုက်ခိုင်းတာ မဟုတ်ပါဘူး၊ သခင်မလေးစဉ်းစားဖို့ပြောတာပါ၊ ဒီနည်းလမ်းကိုမကြိုက်ရင်လဲ နောက်ထပ်နည်းလမ်းတစ်ခု ရှိပါသေးတယ်'

'ပြောပါဦး၊ နားထောင်ရတာပေါ့'

'သခင်ကြီးဟာ အသုဘအခမ်းအနား တက်ရောက်ပြီး အိမ်ကိုပြန်သွားတာဖြစ်လို့ သခင်မလေးအကြောင်းကို မသိသေးပါဘူး၊ ကျုပ်တို့ ဇနီးမောင်နှံနှစ်ယောက်က လွဲပြီး တခြားဘယ်သူကမှ သိကြသေးတာမဟုတ်ပါဘူး၊ ဒါကြောင့်



သခင်မလေး အချစ်ပျက်ခဲ့တဲ့ကိစ္စကို ဘယ်သူမှမသိအောင် ဖုံးဖိထားဖို့လိုပါတယ်၊ သခင်မလေးက ရှမ်းကုန်းခြံဝင်းကို အရင်ဆုံးပြန်လိုက်ခဲ့ပါ၊ ပြီးမှ သခင်မလေးရဲ့ချစ်သူကို မိသားစုလာရောက်တောင်းရမ်းခိုင်းလိုက်ရင် မကောင်းဘူးလား'

မေဟွာက....

'ဟုတ်တယ်၊ ဒီလိုလုပ်တာ အကောင်းဆုံးပဲ'

ဟု ဝင်ပြောလာလေသည်။

ရှမ်းကုန်းချင်းက သက်ပြင်းချလိုက်လေသည်။

အိုရန်ကျုံးပြောသည့်နည်းလမ်းများမှာ အကောင်းဆုံးဖြစ်ကြောင်း သူသဘောပေါက်မိလေသည်။

သို့သော်....

သူမက ရှမ်းကုန်းခြံဝင်းသို့ပြန်သွားသည့် နောက်ပိုင်းတွင် မည်သို့ဆက်လက်ဖြစ်ပျက်လာမည်ကို မသိနိုင်ပါ။

ယင်ကျင်းသည် အလွန်မျက်နှာငယ်ရသော တစ်ကောင်ကြွက်တစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

မေဟွားက....

'သခင်မလေးရဲ့ချစ်သူက သခင်မလေးကို မိသားဖသား ပီပီ လာရောက်တောင်းရမ်းယူမယ်ဆိုရင် သခင်မလေးနဲ့လဲ မေတ္တာမျှနေတဲ့အတွက် သခင်ကြီးက သဘောတူမှာပါ'

ဟု ပြောလေသည်။

ရှမ်းကုံးချင်း ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်သေးပါဘူး ဒေါ်လေးရယ်'

မေဟွားက....

'ဘာဖြစ်လို့လဲ'

'ကျွန်မပြန်မလိုက်ချင်တော့ဘူး'

အိုရန်ကျုံးက...

'သခင်မလေးမှာ အခက်အခဲတစ်ခုခုများ ရှိနေလို့လား၊ ဒါဆိုရင်လဲ ကျုပ်တို့ဝိုင်းပြီး ဖြေရှင်းပေးမယ်လေ'



ရှမ်းကုံးချင်း စိတ်မကောင်းဖြစ်သွားလေသည်။

သူမတွင် အခက်အခဲရှိနေသည်က အမှန်ပင်ဖြစ်သည်။

သို့သော် ပြောမထွက်ပါချေ။

အိုရန်ကျုံးက....

'သခင်မလေးမှာ ဘယ်လိုအခက်အခဲရှိနေလို့လဲ ပြောပြပါလား'

ဟု ထပ်မေးလာလေသည်။

ရှမ်းကုံးချင်း ခေါင်းခါယမ်းလိုက်သည်။

'ဘယ်လိုအခက်အခဲမှမရှိပါဘူး၊ ဦးလေးနဲ့ဒေါ်ဒေါ်တို့ ပြန်ကြပါတော့၊ ဘိုးဘိုးမေးရင် ကျွန်မက တိတ်တိတ်ကလေး ထွက်ပြေးသွားတယ်လို့သာပြောလိုက်ပါ၊ နောက်တော့ အိမ်ကို ကျွန်မပြန်လာခဲ့ပါ့မယ်'

ဟု ပြောလိုက်လေသည်။

အိုရန်ကျုံးက....

'သခင်မလေး'

ရှမ်းကုံးချင်းက....

'ဒီလိုမှ မဟုတ်ရင်လဲ ကျွန်မကို တစ်ခါတည်းသာ သတ်သွားခဲ့ကြပါတော့'

သူမ၏ စကားကြောင့် အိုရန်ကျုံးနှင့် မေဟွားတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှမ်းကုံးချင်းအား ပြန်ခေါ်၍မရနိုင်တော့ပြီဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

အကြမ်းဖက်ပြီးခေါ်သွားဖို့လည်း မဖြစ်နိုင်ပါ။

မေဟွားက....

'မထူးတော့ဘူး၊ ဒီကိစ္စကို သခင်ကြီးကိုယ်တိုင် ဖြေရှင်းတာအကောင်းဆုံးပဲ၊ သခင်မလေးကို ထိန်းသိမ်းမထားနိုင်တဲ့အတွက် ကျွန်မတို့ကို အပြစ်ပေးမယ်ဆိုရင်လဲ ခံယူလိုက်ကြဖို့ပဲရှိတော့တယ်'

ဟု တီးတိုးပြောလိုက်လေသည်။



အကြံအိုက်နေသည့်အိုရန်ကျုံးကလည်း သဘောတူလိုက်လေသည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့သည် ရှမ်းကုံးချင်းအား နှုတ်ဆက်လိုက်ကြလေသည်။

'သခင်မလေး၊ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ'

'ကျုပ်တို့သွားတော့မယ်'

ရှမ်းကုံးချင်းက ခေါင်းညိတ်ပြလိုက်လေသည်။

အိုရန်ကျုံးနှင့် မေဟွားတို့သည် ယင်ကျွဲအား လှမ်းပြီး အကဲခတ် ကြည့်လိုက်ကြသည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

* * *

အိုရန်ကျုံးနှင့် ခေဟွားတို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။

ယခုမှပင် ယင်ကျောင်း သက်ပြင်းချနိုင်တော့သည်။

ရှမ်းကုံးချင်းက ရယ်မောလိုက်လေသည်။

'သူတို့က ဟိတ်ကြီးဟန်ကြီးနဲ့ ကျွန်မကို ဖမ်းခေါ်သွားကြမယ်၊ တိုက်ခိုက်ကြမယ်တဲ့၊ တကယ်တမ်း ကျွန်မကို စိတ်နဲ့တောင်နာကျင်အောင် မလုပ်ချင်ကြဘူးဆိုတာ ကျွန်မသိပါတယ်'

ဟု ပြောလေသည်။

ယင်ကျောင်းက....

'သူတို့ပြန်သွားကြတာတော့ ဟုတ်ပြီ၊ ညီမရဲ့ မိဘတွေနဲ့ ဘိုးဘိုး လိုက်လာမယ်ဆိုရင်ကော ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်သည်။

ရှမ်းကုံးချင်းက....

'ဘိုးဘိုးလိုက်လာရင် ပိုတောင်ကောင်းတယ်'



'ဟင်'

'ဘိုးဘိုးက ကျွန်မကိုသိပ်ချစ်တာ'

'ညီမရယ်'

ယင်ကျောင်း ညည်းတွားလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ကဲပါအစ်ကိုရယ်၊ ဒါတွေ စဉ်းစားမနေပါနဲ့တော့ ကျွန်မတို့ ပျော်ပျော်နေကြရအောင်ပါ'

ယင်ကျောင်း ခေါင်းခါယမ်းလိုက်လေသည်။

'နေလို့မရနိုင်တော့ပါဘူး ညီမရယ်'

'ဟင် ဘာဖြစ်လို့လဲ'

'အစ်ကိုဟာ တစ်ကောင်ကြွက်ဆိုတော့ ညီမအတွက် မျက်နှာငယ်လှပါတယ်၊ မိသားဖသားပီပီတောင်းရမ်းခြင်းမပြုနိုင်တဲ့ လူတစ်ယောက်အတွက် ရှမ်းကုံးခြံဝင်း ဘယ်လောက်အရှက်တကွဲအကျိုးနည်းဖြစ်ရမယ်ဆိုတာ အစ်ကို နားလည်ပါတယ်'

ရှမ်းကုံးချင်းက....

'အစ်ကို ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မ တစ်ယောက်လုံး အစ်ကို့ဘက်မှာ ရှိနေပြီဆိုတာ မေ့နေပြီလား'

ယင်ကျင်းက....

'ညီမရယ်၊ အစ်ကို့ကြောင့် ညီမဒုက္ခရောက်ရတာ စိတ်မကောင်းဖြစ်လိုက်တာ'

ရှမ်းကုံးချင်း ရယ်မောလိုက်သည်။

'ကျွန်မတို့နှစ်ယောက်ကြားမှာ ဒီစကားမျိုးတွေ ပြောဖို့ မလိုအပ်တော့ပါဘူး အစ်ကို'

'ပြောပါညီမ'

'တစ်နေ့ကျရင် အစ်ကိုသာ ကျွန်မကို ခွဲမသွားပါနဲ့နော်'

ယင်ကျင်း ပင့်သက်ရှိုက်လိုက်လေသည်။

သူကလည်း ရှမ်းကုံးချင်းအား ခွဲမသွားလိုပါ။



သို့သော်....

တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့ ခွဲခွာသွားကြရလိမ့်မည်ဟု စိတ်ထဲ၌ အလိုလိုထင်မှတ်မိနေလေတော့သည်။

* * *

ရှိ

အေ
ယောဂ်

ယင်

## ခွဲခွာခြင်း

အိုရန်ကျုံးတို့ထွက်သွားပြီးနောက် မည်သူမျှရောက်မလာကြပါတော့ချေ။

ယင်ကျောင်းနှင့် ရှမ်းကိုးချင်းတို့ ပျော်ရွှင်စွာနေထိုင်ခဲ့ကြလေသည်။

ရှမ်းကိုးချင်းသည် ယင်ကျောင်း တောထဲမှ ဖမ်းလာသည့် ယုန်ကလေးများ၊ တောဆိတ်များ၊ တောကြက်များကို ယဥ်ပါးအောင် မွေးမြူထားလိုက်လေသည်။

သူမက အစာကျွေးသဖြင့် ကျေးငှက်ကလေးများကလည်း အိမ်အနားမှ မခွာတော့ချေ။

ယင်ကျင်း၏ ဝါးအိမ်ကလေးမှာ ပို၍သာယာစိုပြည်လာလေသည်။

ယင်ကျင်းကိုယ်တိုင်လည်း ပူပင်သောကများကိုမေ့လျော့ကာ ပျော်ပျော်ပင် နေလိုက်မိလေတော့သည်။

သို့ဖြင့်....

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားပြီဖြစ်လေသည်။

တစ်စတစ်စ ရှပ်သိမ်းနေသည့်အလင်းရောင်ဖြင့် ယင်ကျင်း၏ ဝါးတဲကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

အိမ်ထဲ၌....



ရှမ်းကုန်းချင်းသည် ညစာစားဖို့ပြင်ဆင်နေသည်။

ယင်ကျင်းကား မီးအိမ်ကို မီးထွန်းညှိနေ၏။

ထိုစဉ်....

'ပဲ...ပဲ'

အိမ်ကလေးနှင့် မလှမ်းမကမ်းတွင် ပြုလုပ်ထားသော ရှစ္စာန်ခြံမှ ဆိတ်များ၏ အော်မြည်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'အစ်ကိုရေ'

ရှမ်းကုန်းချင်းက ခေါ်ရင်း အိမ်ရှေ့သို့ထွက်လာသည်။

ယင်ကျင်းက လှမ်းကြည့်လိုက်သည်။

ရှမ်းကုန်းချင်းက...

'ဆိတ်တွေအော်နေလိုက်တာ၊ ထူးတော့ထူးဘယ်၊ ကျွန်မသွားကြည့်လိုက်ဦးမယ်'

ဟုပြောကာ အပြင်ဘက်ထွက်သွားရန် ဟန်ပြင်လိုက်လေ
သည်။

ယင်ကျောင်းက....

'နေ....နေ၊ အစ်ကိုသွားကြည့်လိုက်မယ်'

ခပ်သွက်သွက်ပင် လှမ်းထွက်သွားလေသည်။

ထို့ကြောင့် ရှမ်းကုန်းချင်းက ထွက်မသွားတော့ချေ။

သူမသည် ညစာစားသောက်ရန် ဆက်လက်ပြင်ဆင်
သည်။

ဆိတ်အော်သံများ ပြတ်တောင်းပြတ်တောင်း ထွက်
နေဆဲ....

ရှမ်းကုန်းချင်းက....

'ဆိတ်တွေက အစာကျွေးပြီးပါပြီ၊ ဘာကြောင့်များ
ဆောက်တောင် အော်နေရတာလဲ'

ဟု ရေရွတ်လိုက်လေသည်။



ထိုစဉ်....

ဆိတ်အော်သံများကြားမှ ဗလုံးဗထွေး အော်သံတစ်ချက်
ထွက်ပေါ်လာသည်ဟု ထင်မိလေသည်။

အသံများကား ချက်ချင်းပင် တိတ်ဆိတ် ပျောက်ကွယ်
သွား၏။

ရှမ်းကုန်းချင်းပြုံးလိုက်သည်။

'အစ်ကိုက ဆိတ်တွေကိုစိတ်မရှည်ဘဲ အော်ငေါက်လိုက်လို့
တိတ်သွားပြီထင်တယ်'

သူမသည် ညစာစားရန် အသင့်ပြင်ထားသော စားပွဲ၌
ထိုင်ကာ ယင်ကျောင်းအား စောင့်ဆိုင်းနေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ယင်ကျောင်း ပြန်ရောက်မလာပါ။

ရှမ်းကုန်းချင်း အံ့ဩသွားလေသည်။

'အစ်ကို ဘာကြောင့် ကြာနေရတာပါလိမ့်'

သူမ ထိုင်ရာမှ ထလိုက်လေသည်။

အိမ်အပြင်ဘက်သို့ လှမ်းထွက်လာခဲ့သည်။

အပြင်ဘက်၌ အဖြောင်းရောင်ပျောက်ကွယ်ကာ အမှောင်ရိပ်များ ဖုံးလွှမ်းနေပြီဖြစ်ပါသည်။

ရှမ်းကုံးချင်းသည် ဆိတ်ခြံရှိရာသို့ ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

'ပဲ့....ပဲ'

လူရိပ်လူရောင်မြင်သဖြင့် ဆိတ်အော်သံများ ထွက်ပေါ်လာပါသည်။

ရှမ်းကုံးချင်းက....

'အစ်ကို....အစ်ကို'

ဟု ခေါ်လိုက်လေသည်။

သူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။



ယင်ကျော်း၏တုံ့ပြန်သံကို မကြားရပါ။

ရှမ်းကုံးချင်း စိတ်ပူသွားလေသည်။

'အစ်ကို...အစ်ကို'

သူမ ထပ်ပြီးအော်ခေါ်လိုက်သည်။

သူမ၏ခေါ်သံသည် ဆိတ်အော်သံများနှင့်ရောထွေးကာ ထွက်ပေါ်လာလေသည်။

ယင်ကျော်း၏အသံကိုမကြားရသလို အရိပ်အယောင်ကိုလည်း မတွေ့ရပါ။

ယင်ကျော်း မည်သည့်နေရာရောက်ရှိသွားပါသနည်း။

ရှမ်းကုံးချင်း မနေနိုင်တော့ဘဲ....

'အစ်ကို....အစ်ကိုဘယ်မှာလဲ'

ဟု အသံကုန်ဟစ်ခေါ်လိုက်လေသည်။

သူမ၏အသံသည် တောတောင်တစ်ခွင် ပဲ့တင်ထပ်ကာ မြည်ဟည်းထွက်ပေါ်လာလေတော့သည်။

* * *

ယင်ကျော်။

ယင်ကျော်မှာ မှေးမှိန်လင့်ဘဲပျောက်ကွယ်သွားခဲ့လေသည်။

ရှမ်းကုံးချောင်းသည် အထိတ်တလန့်ဖြင့် ပတ်ဝန်းကျင်ကို လိုက်လံရှာဖွေလိုက်လေသည်။

ယင်ကျော်ကား ပျောက်ချင်းမဲ့လှ ပျောက်သွားပြီဖြစ်ပါသည်။

ယင်ကျော် မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

အဘယ်ကြောင့် ပျောက်ဆုံးသွားရပါသနည်း။



အကြောင်းတစ်ခုခုတော့ရှိရမည်ဟု ရှမ်းကုံးချောင်း ယုံကြည်ထားလေသည်။

ယင်ကျော်သည် သူမအား ထားပစ်ခဲ့မည်မဟုတ်ပါ။

တစ်စုံတစ်ယောက်က အမွှေဖမ်းဆီးခေါ်ဆောင်သွား၍သာဖြစ်မည်ဟု နားလည်လိုက်လေသည်။

ယင်ကျော်အား ဖမ်းဆီးခေါ်ဆောင်သွားသူမှာ....

ရှမ်းကုံးချောင်းသည် စူးရှစွာတစ်ချက်အော်ဟစ်လိုက်သည်။

ထို့နောက်....

ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်ဖုံးလွှမ်းသွားသည်ကိုပင် ဂရုမစိုက်တော့ဘဲ အိမ်ကလေးကိုကျောခိုင်းကာ တောအုပ်ထဲသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလိုက်လေတော့သည်။

* * *

ထင်းစန်းမြို့။

ထင်းစန်းမြို့လေးမှာ ညမိုးချုပ်သွားသည်နှင့် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေသူ အနည်းအကျဉ်းမျှသာရှိပါတော့သည်။

အိမ်တိုင်းအိမ်တိုင်းလိုလို မီးထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

ထို့အတူ....

မေဟွားသည် အခန်းတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်လာစေရလေအောင် မီးအိမ်တစ်လုံးထွန်းညှိထားလိုက်ပြီး ညစာစားသောက်လိုက်လေသည်။

သူမတစ်ယောက်တည်း တိတ်ဆိတ်စွာ စားသောက်နေခြင်း ဖြစ်ပါသည်။

မေဟွားမှာ ဖွယ်ဖွယ်ရာရာရှိနေသော ဟင်းလျာများကို တစ်ချက်ကြည့်လိုက်သည်။

ထိုဟင်းလျာများသည် ထင်းစန်းမြို့၏ ထိပ်တန်းစားသောက်ဆိုင်ကြီးမှ ဝယ်ယူလာခဲ့ခြင်းဖြစ်ပါသည်။

မေဟွားကိုယ်တိုင် အရသာတွေ့သဖြင့် အမြဲတမ်းဝယ်ယူစားသုံးလေ့ရှိသော ဟင်းလျာများလည်းဖြစ်သည်။

ယနေ့ညဉ့်မူ....

မေဟွားက စားသောက်နေရသော်လည်း အရသာရှိသည် မထင်မိပါ။

သူမ ခံတွင်းပျက်နေခြင်းကြောင့်လည်း မဟုတ်ပါ။

သူမ၏စိတ်များ ရှုပ်ထွေးနောက်ကျိနေခြင်းကြောင့် ဖြစ်ပါသည်။

ရှမ်းကုန်းချင်း။



ရှမ်းကုန်းချင်းသည် သူတို့မသိအောင် တိတ်တဆိတ်ထွက်သွားခဲ့လေသည်။

ထိုသို့ထွက်သွားခြင်းက ပြန်ပြီးတွေ့အောင် အနိုင်ကျင့်ပြီး ပြတ်သွားမည်ဖြစ်သည်။

ယခုတော့....

ရှမ်းကုန်းချင်းသည် ယင်ကျစ်းဆိုသောလူငယ်တစ်ယောက်နှင့် အတူတကွနေထိုင်လျက်ရှိနေချေပြီ။

ထိုအကြောင်းကိုသာ ရှမ်းကုန်းသခင်ကြီး သိရှိသွားမည်ဆိုပါလျှင်....

မေဟွား သက်ပြင်းချလိုက်သည်။

ဆက်လက်စားသောက်လိုစိတ် မရှိတော့ပါ။

သူမ ထိုင်ရာမှထလိုက်လေသည်။

အိုရန်ကျုံးကား ရှမ်းကုန်းခြံဝင်းသို့ ပြန်သွားပြီဖြစ်သည်။

ရှမ်းကုန်းသခင်ကြီးနှင့် သွားရောက်တွေ့ဆုံကာ အကျိုးအကြောင်း ပြောပြရမည်ဖြစ်လေသည်။

သူတို့သည် ရှမ်းကုံးချင်းအား ပြန်ခေါ်နိုင်စွမ်းမရှိတော့သဖြင့် အဖြစ်မှန်ကိုဖော်ပြဖို့သာရှိတော့သည်။

ရှမ်းကုံးသခင်ကြီးက မည်သို့သဘောထားမည်နည်း။

မေဟွား၏ရင်ထဲ မီးခဲများမျိုချထားသလို ပူလောင်နေသည်။

သူတို့အတွက်ရရှိမည့်အပြစ်ဒဏ်မှာ သေဒဏ်မှလွဲ၍ အခြားမရှိပြီ။

မေဟွားသည် ရှမ်းကုံးချင်းအားခေါ်မရသဖြင့် ယင်ကျင်းအပေါ်၌ ကျဲမြီးတိုမိလေသည်။

'ဒီကောင်လေးဟာ ဘယ်သူလဲ'

'သခင်မလေးကို ဘယ်လိုများ ဆွဲဆောင်ထားလိုက်ပါလိမ့်'

သူမသည် ယင်ကျင်းအကြောင်းတွေးရင်း သူမ၏တိုက်ကွက်အား ယင်ကျင်းရှောင်တိမ်းသွားပုံကို ပြန်လည်မြင်ယောင်လာလေသည်။

ယင်ကျင်းသည် ခန္ဓာကိုယ် တစ်ချက်တွန့်လိမ်လှုပ်ရှားလိုက်သည်နှင့် သူမ၏တိုက်ကွက်ကို ရှောင်တိမ်းပြီးသားဖြစ်သွားလေသည်။



ယင်ကျင်း၏ခြေလှမ်းသိုင်းကွက်သည် အံ့ဩစရာကောင်းအောင်ထူးခြားနေသည်။

ယင်ကျင်းအသုံးပြုသည့် ခြေလှမ်းသိုင်းကွက်မျိုးကို သူမ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါချေ။

'ဒီကောင်လေးဟာ တောထဲတောင်ထဲမှာ တစ်ယောက်တည်းနေပေမယ့် ခေတ်လူမဟုတ်တာတော့ သေချာတယ်'

သူမသည် ယင်ကျင်းအား စိတ်ဝင်စားလာသည်။

ယင်ကျင်း၏အကြောင်းကို သိလိုလာသည်။

အိုရန်ကျုံးက ရှမ်းကုံးခြံဝင်းသို့ ပြန်သွားသော်လည်း သူမသည် ရှမ်းကုံးချင်းအားစောင့်ကြည့်နေရန် နေရစ်ခဲ့ခြင်းဖြစ်လေသည်။

မေဟွားသည် အတွေးများကိုဖြတ်တောက်လိုက်ပြီး....

'ငါသွားဖို့ အချိန်တန်ပြီ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက် မီးအိမ်ကိုငြိမ်းသတ်ကာ ထွက်လာခဲ့လေတော့သည်။

မိုးချုပ်သွားပြီဖြစ်သည်။

မေဟွားသည် ထင်းစန်းတောင်ခြေရှိတောအုပ်ထဲသို့ရောက်ရှိလာလေသည်။

ရှမ်းကုံးချင်းနေထိုင်သောနေရာကို သိရပြီးပြီဖြစ်၍ သူမအလွယ်တကူပင် အရောက်လာနိုင်ခဲ့လေသည်။

သူမကာ မျက်ခြည်မပြတ်စောင့်ကြည့်နေသည်ကို ရှမ်းကုံးချင်း မသိစေလို၍သာလျှင် တိတ်တဆိတ်လာခဲ့ခြင်းဖြစ်လေသည်။

မေဟွားသည် သစ်ပင်ချုံနွယ်များမှ ဖြတ်သန်းလာရင်း တစ်နေရာသို့အရောက်တွင်....

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# နန္ဒကျော်သူ

## နှောင်ကြိုးမဲ့မေဟွာ

(ဒုတိယပိုင်းဇာတ်သိမ်း)